# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

# ငွေကြေးမူဝါဒအကောင်အထည်ဖော်ဆောင်ရွက်ချက် အစီရင်ခံစာ

( ၂၀၁၉ ခုနှစ် ဧပြီလမှ ၂၀၁၉ ခုနှစ် စက်တင်ဘာလအထိ )

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ငွေကြေးမူဝါဒအကောင်အထည်ဖော်ဆောင်ရွက်ချက်အစီရင်ခံစာ

## (၂၀၁၉ ခုနှစ် ဧပြီလမှ ၂၀၁၉ ခုနှစ် စက်တင်ဘာလအထိ)

## မာတိကာ


| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၁ | အစီရင်ခံစာအကျဉ်းချုပ် | | |
| ၂ | အခန်း(၁) | ငွေကြေးမူဝါဒအကောင်အထည်ဖော်ဆောင်ရွက်ချက်များ | ၁ |
| ၃ | အခန်း(၂) | ငွေကြေးမူဝါဒရည်မှန်းချက်နှင့်နည်းဗျူဟာများ နှင့် ငွေကြေးမူဝါဒနည်းလမ်းများ | ၅ |
| ၄ | အခန်း(၃) | မေခရိုစီးပွားရေးနှင့်ငွေရေးကြေးရေးအခြေအနေ (အကျဉ်းချုပ်) | ၁၁ |
| ၅ | အခန်း(၄) | စီးပွားရေး၊ဘဏ္ဍာရေးနှင့်ငွေရေးကြေးရေးအခြေအနေ တင်ပြချက် | ၁၅ |
| | | စီးပွားရေးတိုးတက်မှုအခြေအနေ | ၁၆ |
| | | ငွေကြေးဖောင်းပွမှုအခြေအနေ | ၁၇ |
| | | ဘဏ္ဍာရေးအခြေအနေ | ၁၉ |
| | | ကုန်သွယ်မှုအခြေအနေ | ၂၀ |
| | | နိုင်ငံခြားငွေပေးယူစာရင်းအခြေအနေ | ၂၂ |
| | | နိုင်ငံခြားသုံးသီးသန့်ရန်ပုံငွေအခြေအနေ | ၂၂ |
| | | နိုင်ငံခြားငွေလဲလှယ်နှုန်းအခြေအနေ | ၂၃ |
| | | ငွေကြေးပမာဏအခြေအနေ | ၂၅ |
| | | အနည်းဆုံးသီးသန့်ငွေလိုအပ်ချက်ထားရှိဆောင်ရွက်မှု အခြေအနေ | ၂၇ |
| | | အပ်ငွေလေလံဆောင်ရွက်မှုအခြေအနေ | ၂၈ |

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| | အစိုးရငွေချေးသက်သေခံလက်မှတ်များထုတ်ဝေရောင်းချမှုအခြေအနေ | | ၂၉ |
| | ဘဏ်မဟုတ်သောငွေရေးကြေးရေးအဖွဲ့အစည်းများ၏ ချေးငွေအခြေအနေ | | ၃၀ |
| ၆ | နောက်ဆက်တွဲဇယားများ | | ၃၁ |
| | ဇယား(၁) | ငွေကြေးဖောင်းပွမှုနှုန်းများ(၂၀၁၈ခုနှစ်အောက်တိုဘာလမှ ၂၀၁၉ခုနှစ်စက်တင်ဘာလအထိ) | ၃၂ |
| | ဇယား (၂) | တစ်နိုင်ငံလုံး၏အုပ်စုအလိုက်စားသုံးသူဈေးဆနှုန်းကိန်းအရနှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်း(၂၀၁၈ခုနှစ်စက်တင်ဘာလမှ၂၀၁၉ခုနှစ် စက်တင်ဘာလအထိ) | ၃၃ |
| | ဇယား(၃) | တိုင်းဒေသကြီး၊ပြည်နယ်နှင့်မြို့ကြီး(၃)မြို့၏စားသုံးသူဈေးဆနှုန်းကိန်း အရပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း (၂၀၁၈ ခုနှစ်၊ စက်တင်ဘာလမှ ၂၀၁၉ခုနှစ် စက်တင်ဘာလအထိ) | ၃၄ |
| | ဇယား (၄) | စုစုပေါင်း ပို့ကုန်နှင့်သွင်းကုန်အခြေအနေပြဇယား (၂၀၁၇-၂၀၁၈နှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ) | ၃၅ |
| | ဇယား (၅) | နိုင်ငံခြားငွေလဲလှယ်နှုန်းများနှင့်ဗဟိုဘဏ်၏နိုင်ငံခြားသုံးငွေဈေးပြိုင် လေလံတွင်ရောင်းဝယ်မှုအခြေအနေပြဇယား (၂၀၁၈ခုနှစ်၊စက်တင်ဘာလ မှ၂၀၁၉ခုနှစ် စက်တင်ဘာလအထိ) | ၃၆ |
| | ဇယား (၆) | ထိရောက်သောအမည်ခံငွေလဲလှယ်နှုန်းနှင့်ထိရောက်သော အမှန်ငွေလဲလှယ်နှုန်း (၂၀၁၈ခုနှစ်၊စက်တင်ဘာလမှ၂၀၁၉ခုနှစ်စက်တင်ဘာ လအထိ) | ၃၇ |
| | ဇယား(၇) | စုစုပေါင်းငွေကြေးပမာဏနှင့်ယင်းအပေါ်အကျိုးသက်ရောက်စေသည့် အချက်များ(၂၀၁၅ခုနှစ်၊စက်တင်ဘာလမှ၂၀၁၉ခုနှစ်၊စက်တင်ဘာလအထိ) | ၃၈ |
| | ဇယား(၈) | အပ်ငွေလေလံခေါ်ယူမှုအခြေအနေပြဇယား(၂၀၁၈ခုနှစ်၊အောက်တို ဘာလမှ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလအထိ) | ၃၉ |
| | ဇယား(၉) | အစိုးရငွေတိုက်လက်မှတ်ဈေးပြိုင်လေလံဆောင်ရွက်မှုအခြေအနေ ပြဇယား(၂၀၁၈ခုနှစ်၊အောက်တိုဘာလမှ၂၀၁၉ခုနှစ်စက်တင်ဘာလအထိ) | ၄၃ |

# အစီရင်ခံစာအကျဉ်းချုပ်

၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်အတွက်ငွေကြေးမူဝါဒအကောင်အထည်ဖော်ဆောင်ရွက်ချက် အစီရင်ခံစာတွင် အခန်း(၄)ခန်းဖော်ပြပါရှိပါသည်။ အခန်း(၁)တွင် ငွေကြေးမူဝါဒအကောင် အထည်ဖော်ဆောင်ရွက်ချက်များ၊ အခန်း(၂)တွင်ငွေကြေးမူဝါဒရည်မှန်းချက်နှင့် နည်းဗျူဟာများနှင့် ငွေကြေးမူဝါဒနည်းလမ်းများ၊ အခန်း(၃)တွင် မေခရိုစီးပွားရေးနှင့် ငွေရေးကြေးရေးအခြေအနေ အကျဉ်းချုပ်နှင့် အခန်း(၄)တွင် စီးပွားရေး၊ ဘဏ္ဍာရေးနှင့်ငွေရေးကြေးရေးအခြေအနေတို့အား ဖော်ပြထားရှိပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းမှာ ၆.၈ ရာခိုင်နှုန်းရှိခဲ့သဖြင့် ယခင်ဘဏ္ဍာရေးနှစ်၏ စီးပွားရေးတိုးတက်မှုနှုန်း ၆.၄ ရာခိုင်နှုန်းထက် မြင့်တက်ခဲ့ပါသည်။ စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် ကဏ္ဍအလိုက် ပါဝင်မှုတွင် ဝန်ဆောင်မှုကဏ္ဍသည် ၄၂ ရာခိုင်နှုန်းဖြင့် အများဆုံးဖြစ်ပြီး၊ စက်မှုကဏ္ဍသည် ၃၆ ရာခိုင်နှုန်းနှင့် လယ်ယာကဏ္ဍသည် ၂၂ ရာခိုင်နှုန်းဖြင့် အနည်းဆုံးဖြစ်ပါသည်။ ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ကဏ္ဍအလိုက်တိုးတက်မှုတွင် စက်မှုကဏ္ဍ၌ ကျဆင်းခဲ့ပြီး၊ လယ်ယာကဏ္ဍ၌ အနည်းငယ်တိုးတက်ခဲ့ကြောင်းတွေ့ရှိရပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း လောင်စာဆီဈေးနှုန်းများ မြင့်တက်ခဲ့ခြင်း၊ လျှပ်စစ်ဓာတ်အားခနှုန်းထားများ တိုးမြှင့်ခဲ့ခြင်း၊ စားသုံးကုန်စည်ဈေးနှုန်းများ မြင့်မားခဲ့ခြင်း တို့ကြောင့် ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလကုန်ရှိ ငွေကြေးဖောင်းပွမှုနှုန်းများမှာ ယခင်နှစ် အလားတူကာလထက်မြင့်တက်ခဲ့ပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် စုစုပေါင်းငွေကြေးပမာဏနှင့် သီးသန့်ငွေကြေးပမာဏ တိုးတက်မှုနှုန်း ရည်မှန်းချက်များအား ၂၁ ရာခိုင်နှုန်းနှင့် ၁၁ ရာခိုင်နှုန်း အသီးသီးထားရှိခဲ့ပါသည်။ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလကုန်တွင် စုစုပေါင်းငွေကြေးပမာဏနှင့် သီးသန့်ငွေကြေးပမာဏ တိုးတက်မှုနှုန်းများမှာ ၁၅ ရာခိုင်နှုန်းနှင့် ၁၁ ရာခိုင်နှုန်း အသီးသီးရှိခဲ့ပါသည်။

စုစုပေါင်းငွေကြေးပမာဏတွင် အသားတင်နိုင်ငံခြား ရရန်ပိုင်ခွင့်မှာ ၁၈ ရာခိုင်နှုန်း ၊ အစိုးရကဏ္ဍသို့ ချေးငွေမှာ ၃၅ ရာခိုင်နှုန်းနှင့် ပုဂ္ဂလိကကဏ္ဍနှင့်အခြားကဏ္ဍများသို့ ချေးငွေမှာ ၄၇ ရာခိုင်နှုန်းဖြင့် အသီးသီးပါဝင်လျက်ရှိရာ ပုဂ္ဂလိက ကဏ္ဍနှင့်အခြားကဏ္ဍများသို့ ချေးငွေပါဝင်မှုမှာ အများဆုံးဖြစ်ကြောင်း တွေ့ရပါသည်။

နိုင်ငံခြားငွေလဲလှယ်နှုန်းအခြေအနေမှာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ဒုတိယ(၆) လတာကာလတွင် မြန်မာကျပ်ငွေတန်ဖိုး ၂.၈ ရာခိုင်နှုန်းနှင့် ဘဏ္ဍာရေးနှစ်အတွင်း ၁.၇ ရာခိုင်နှုန်း တန်ဖိုးမြင့်တက်ခဲ့ပါသည်။ မြန်မာကျပ်ငွေတန်ဖိုးသည် ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ထိရောက်သော အမည်ခံငွေလဲလှယ်နှုန်း (Nominal Effective Exchange Rate–NEER) အရ ၁.၆ ရာခိုင်နှုန်းတန်ဖိုး မြင့်တက်ခဲ့ပြီး၊ ထိရောက်သောအမှန်ငွေလဲလှယ်နှုန်း (Real Effective Exchange Rate–REER)အရ ၉.၂၈ ရာခိုင်နှုန်း တန်ဖိုးမြင့်တက်ခဲ့သဖြင့် ထိရောက်သော အမှန်ငွေလဲလှယ်နှုန်းအရ ပို့ကုန်ယှဉ်ပြိုင်နိုင်စွမ်းပိုမိုကျဆင်းခဲ့ကြောင်းတွေ့ရှိရပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ပို့ကုန်တင်ပို့မှုထက် သွင်းကုန်တင်သွင်းမှုက ပို၍ များသောကြောင့် ကုန်သွယ်မှုလိုငွေဖြစ်ပေါ်ခဲ့သော်လည်း ယခင်ဘဏ္ဍာရေးနှစ် ကုန်သွယ်မှုလိုငွေ အောက်သိသာစွာ လျော့နည်းခဲ့ပါသည်။ ယခင်ဘဏ္ဍာရေးနှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက နိုင်ငံခြားငွေပေးငွေယူစာရင်းအခြေအနေမှာ ပိုမိုကောင်းမွန်ခဲ့ပြီး စုစုပေါင်းပိုငွေ အမေရိကန်ဒေါ်လာ ၂၃၂ သန်းရှိခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် မိမိ၏ငွေကြေးတည်ငြိမ်ရေးရည်မှန်းချက် ရရှိစေရန် အတွက် နိုင်ငံ၏ငွေကြေးဈေးကွက်ဖွံ့ဖြိုးမှုအခြေအနေနှင့် လိုက်လျောညီထွေရှိမည့် ငွေကြေးမူဝါဒနည်းလမ်းများဖြင့်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အပ်ငွေလေလံခေါ်ယူခြင်း၊ အနည်းဆုံးသီးသန့်ငွေလိုအပ်ချက်သတ်မှတ်ခြင်း၊ လျှော့နှုန်းနှင့် တစ်ဆင့်လျှော့နှုန်းသတ်မှတ်ခြင်း၊ ချေးငွေစီမံခန့်ခွဲခြင်းအပါအဝင် အခြားသင့်လျော်သောနည်းလမ်းများ အသုံးပြုလျက် ငွေကြေးမူဝါဒအား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်းတင်ပြအပ်ပါသည်။

## အခန်း(၁)

## ငွေကြေးမူဝါဒအကောင်အထည်ဖော်ဆောင်ရွက်ချက်များ

**ငွေကြေးမူဝါဒအကောင်အထည်ဖော်ဆောင်ရွက်ချက်များ**

- မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဈေးနှုန်းတည်ငြိမ်မှုရှိသည့် စီးပွားရေးတိုးတက်မှု (Growth with Price Stability)ကို ရရှိစေမည့်အနေတော်ငွေကြေးပမာဏရည်မှန်းချက်ထားရှိဆောင်ရွက်လျက်ရှိပါသည်။
- ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် စီးပွားရေးတိုးတက်မှုနှုန်း လျာထားချက်မှာ ၇.၆ ရာခိုင်နှုန်းဖြစ်၍ သီးသန့်ငွေကြေးပမာဏနှင့် စုစုပေါင်းငွေကြေးပမာဏတို့၏ နှစ်အလိုက် တိုးတက်မှုနှုန်း ရည်မှန်းချက်တို့အား ၁၁ ရာခိုင်နှုန်းနှင့် ၂၁ ရာခိုင်နှုန်း အသီးသီးသတ်မှတ်ခဲ့ပါသည်။
- ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် စီးပွားရေးတိုးတက်မှုနှုန်းမှာ ၆.၈ ရာခိုင်နှုန်း ရှိခဲ့ပြီး၊ လျာထားချက်အောက် လျော့နည်းခဲ့သော်လည်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် စီးပွားရေးတိုးတက်မှုနှုန်း ၆.၄ ရာခိုင်နှုန်း ထက်အနည်းငယ်မြင့်တက်ခဲ့ပါ သည်။
- ၂၀၁၉ခုနှစ်၊စက်တင်ဘာလကုန်တွင် ငွေကြေးဖောင်းပွမှုနှုန်းမှာ နှစ်အလိုက် ၉.၅၁ ရာခိုင်နှုန်းနှင့် ပျမ်းမျှ ၈.၆၁ ရာခိုင်နှုန်း အသီးသီးရှိခဲ့ပြီး၊ အစားအစာအုပ်စုနှင့် လောင်စာဆီဈေးနှုန်းများ မပါဝင်ဘဲ တွက်ချက်ထားသော Core CPI အရ နှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်းမှာ ၁၃.၅၈ ရာခိုင်နှုန်းနှင့် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ ၈.၃၀ ရာခိုင်နှုန်းရှိခဲ့ပါသည်။
- ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလကုန်တွင် သီးသန့်ငွေကြေးပမာဏနှင့် စုစုပေါင်းငွေကြေးပမာဏတို့၏ တိုးတက်မှုနှုန်းမှာ ၁၁ ရာခိုင်နှုန်းနှင့် ၁၅ ရာခိုင်နှုန်း အသီးသီးရှိခဲ့ပါသည်။ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလကုန်တွင် ချေးငွေတိုးတက်မှုနှုန်းမှာ ၁၆ ရာခိုင်နှုန်းရှိခဲ့ပါသည်။
- မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ငွေကြေးဖောင်းပွမှုနှုန်းကို ထိန်းသိမ်းဆောင်ရွက်နိုင်ရန်အတွက် ငွေကြေးမူဝါဒနည်းလမ်းများဖြစ်သည့် အပ်ငွေလေလံခေါ်ယူခြင်း၊ အနည်းဆုံးသီးသန့်ငွေအချိုး သတ်မှတ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။
- ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဒုတိယ(၆)လတာကာလအတွင်း အပ်ငွေလေလံ စုစုပေါင်း

(၁၂)ကြိမ်ခေါ်ယူခဲ့ပြီး၊ တစ်ကြိမ်လျှင်ပျမ်းမျှ ကျပ် ၁၈၁ ဘီလီယံအား စီးပွားရေးစနစ်မှ နုတ်သိမ်းနိုင်ခဲ့ပါသည်။

- မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ငွေကြေးမူဝါဒအား ဘဏ္ဍာရေးမူဝါဒ၊ အခြားစီးပွားရေးမူဝါဒများနှင့် ဟန်ချက်ညီညီချိတ်ဆက်၍ ငွေကြေးဖောင်းပွမှုနှုန်းအား သင့်တင့်သည့် အနေအထားတွင်ရှိစေရန် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။
- ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှအစိုးရလိုငွေဖြည့်ဆည်းမှုသည် ကျပ် ၈၀၉.၆ ဘီလီယံ ဖြစ်သဖြင့် ပြည်တွင်းမှ ချေးယူမှု၏ ၂၁ ရာခိုင်နှုန်းရှိခဲ့ပါသည်။
- အစိုးရဘတ်ဂျက်လိုငွေအား မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဖြည့်ဆည်းပေးရမှုကို တဖြေးဖြေးလျှော့ချ၍ အများပြည်သူ စုဆောင်းမှုဖြင့် ဖြည့်ဆည်းနိုင်ရန်အတွက် အစိုးရငွေချေးသက်သေခံလက်မှတ်များ ဈေးပြိုင်စနစ်ဖြင့် ရောင်းချခြင်းကို ဆောင်ရွက်ခဲ့ရာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း အစိုးရငွေတိုက်လက်မှတ်များ ဈေးပြိုင်စနစ်ဖြင့် ရောင်းချမှု (၂၄) ကြိမ်ဆောင်ရွက်ခဲ့ပြီး၊ အသားတင်ရောင်းချမှု ကျပ် ၄၀၁.၈၆ ဘီလီယံနှင့် အစိုးရငွေတိုက်စာချုပ်ဈေးပြိုင်စနစ်ဖြင့် ရောင်းချမှု (၁၂)ကြိမ် ဆောင်ရွက်ခဲ့ပြီး၊အသားတင်ရောင်းချမှု ကျပ် ၂,၆၂၁.၅၆ ဘီလီယံ ရှိခဲ့ပါသည်။
- ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာကျပ်ငွေတန်ဖိုး ၁.၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီးများသောအားဖြင့် ငွေလဲလှယ်နှုန်းများ တည်ငြိမ်မှုရှိခဲ့ပါသည်။ ငွေလဲလှယ်နှုန်းများ၏ ကွာဟချက်မှာ အများအားဖြင့် ၀.၂ ရာခိုင်နှုန်းအတွင်း ရှိခဲ့ပြီး၊ နေ့စဉ်ငွေလဲလှယ်နှုန်းများ၏ ပြောင်းလဲမှုမှာ အများအားဖြင့် ၀.၅ ရာခိုင်နှုန်းအတွင်းရှိခဲ့ပါသည်။
- မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံခြားငွေဈေးပြိုင်လေလံမှ အမေရိကန်ဒေါ်လာ အသားတင်ဝယ်ယူမှု ပမာဏမှာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဒုတိယ(၆)လအတွင်း အမေရိကန်ဒေါ်လာ ၅၆.၄ သန်းနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း အမေရိကန်ဒေါ်လာ ၂၀၅.၈ သန်း ရှိခဲ့ပါသည်။
- ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလကုန်တွင် ဗဟိုဘဏ်ရှိ နိုင်ငံခြားသုံးသီးသန့်ရန်ပုံငွေ

ပမာဏမှာ သွင်းကုန်၏ ၄ လစာရှိပြီး စုစုပေါင်းငွေကြေးပမာဏ၏ ၁၃.၆ ရာခိုင်နှုန်း ရှိခဲ့ပါသည်။

- ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာကျပ် ငွေတန်ဖိုးသည် အဓိက ကုန်သွယ်ဘက်နိုင်ငံများ ငွေကြေးအုပ်စု၏ ထိရောက်သော အမည်ခံငွေလဲလှယ်နှုန်း (Nominal Effective Exchange Rate-NEER) အရ ၁.၆ ရာခိုင်နှုန်းတန်ဖိုးမြင့်တက်ခဲ့ပြီး၊ ထိရောက်သောအမှန်ငွေလဲလှယ်နှုန်း (Real Effective Exchange Rate-REER) အရ ၉.၂၈ ရာခိုင်နှုန်း တန်ဖိုးမြင့်တက်ခဲ့ရာ REER အရ ပို့ကုန်ယှဉ်ပြိုင်နိုင်စွမ်း ပိုမိုကျဆင်းခဲ့ကြောင်း တွေ့ရှိရပါသည်။

# အခန်း(၂)

# ငွေကြေးမူဝါဒရည်မှန်းချက် နှင့် နည်းဗျူဟာများ

# နှင့်

# ငွေကြေးမူဝါဒနည်းလမ်းများ

**ငွေကြေးမူဝါဒရည်မှန်းချက်နှင့် နည်းဗျူဟာများ**

- မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ (၂၀၁၃) အခန်း ၆၊ ပုဒ်မ ၄၀ (က)အရ ငွေကြေးမူဝါဒကိုချမှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါသည်။
- မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ငွေကြေးမူဝါဒရည်မှန်းချက်မှာပြည်တွင်းဈေးနှုန်းတည်ငြိမ်မှုရရှိစေရန်နှင့်ထိန်းသိမ်းရန် ဖြစ်ပါသည်။
- မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် မိမိ၏ ငွေကြေးတည်ငြိမ်ရေးရည်မှန်းချက် ရရှိစေရန် ငွေကြေးမူဝါဒနည်းလမ်းများဖြစ်သည့် လွတ်လပ်သော ဈေးကွက်ဆိုင်ရာ လုပ်ဆောင်ချက်အဖြစ် အပ်ငွေ/ချေးငွေလေလံခေါ်ယူခြင်း၊ အနည်းဆုံးထားရှိရမည့် သီးသန့်ငွေလိုအပ်ချက်သတ်မှတ်ခြင်း၊ လျှော့နှုန်းနှင့် တစ်ဆင့်လျှော့နှုန်းသတ်မှတ်ခြင်း၊ချေးငွေစီမံခန့်ခွဲခြင်းအပါအဝင် အခြားသင့်လျော်သောနည်းလမ်းများ သတ်မှတ်ခြင်းစသည်တို့ကို အသုံးပြုဆောင်ရွက်ပါသည်။
- မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည်ပြည်တွင်းဈေးနှုန်းတည်ငြိမ်မှုရရှိရန်ဖော်ဆောင်ရာတွင် ငွေကြေးဖောင်းပွမှုနှုန်းအား နှစ်လတ်ကာလအတွင်း ပျမ်းမျှ ၅.၅ ရာခိုင်နှုန်းရှိစေရန် ရည်မှန်းဆောင်ရွက်လျက်ရှိပါသည်။
- မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် သီးသန့်ငွေကြေးပမာဏကိုရည်မှန်းချက်ထားရှိသည့် ငွေကြေးမူဝါဒမူဘောင် ချမှတ်ဆောင်ရွက်လျက်ရှိရာတွင် သင့်တင့်မျှတသော ငွေကြေးဖောင်းပွမှုနှုန်းဖြင့် နိုင်ငံ၏ စီးပွားရေးတိုးတက်မှုရည်မှန်းချက်ကိုရရှိစေနိုင်မည့် အနေတော် ငွေကြေးပမာဏကို ရည်မှန်းချက်အဖြစ် ထားရှိပါသည်။ ၄င်းရည်မှန်းချက်အတိုင်းရရှိစေရန် ငွေကြေးပမာဏအား ထိန်းကျောင်းဆောင်ရွက်လျက်ရှိပါသည်။
- ငွေကြေးပမာဏအား ပြောင်းလဲစေသော အဓိကအချက်များဖြစ်သည့် ပြည်တွင်းလှည့်လည်သုံးစွဲငွေ၊ အသားတင်နိုင်ငံခြားရရန်ပိုင်ခွင့်များ၊ အစိုးရကဏ္ဍသို့ချေးငွေ၊ စီးပွားရေးကဏ္ဍသို့ ချေးငွေပြောင်းလဲမှုများအရဖြစ်ပေါ်လာမည့် ငွေကြေးပမာဏအားခန့်မှန်းပြီး ရည်မှန်းချက်နှင့်ချိန်ထိုးကာ စီးပွားရေးစနစ်သို့ ငွေကြေးထည့်သွင်းရန်လိုပါက ချေးငွေလေလံခေါ်ယူခြင်းနှင့် စီးပွားရေးစနစ်မှ ပိုလျှံငွေကြေးများအား နှုတ်သိမ်းရန်လိုပါက အပ်ငွေလေလံ

ခေါ်ယူခြင်းဖြင့် အကောင်အထည်ဖော် ထိန်းကျောင်းပေးပါသည်။

- (၁၁-၇-၂၀၁၃)ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ၊အခန်း၆ ပုဒ်မ၄၈(ခ)နှင့်(ဃ)တို့အရမြန်မာနိုင်ငံတော် ဗဟိုဘဏ်သည် နိုင်ငံခြားငွေလဲလှယ်နှုန်း ဆိုင်ရာမူဝါဒကို ချမှတ်အကောင်အထည် ဖော်ခြင်းနှင့် နိုင်ငံတော်၏ နိုင်ငံခြားသုံး သီးသန့်ငွေကို ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲ ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။
- မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည်နိုင်ငံခြား သုံးငွေစီးဆင်းမှု လွယ်ကူချောမွေ့စေရန်၊ နိုင်ငံခြားငွေလဲလှယ်နှုန်းအတက်အကျ မြင့်မားမှုမရှိစေရန်နှင့်ငွေလဲလှယ်နှုန်းများ ကွာဟချက် လျော့နည်းစေရန်တို့အတွက် နေ့စဉ် နိုင်ငံခြားသုံးငွေဈေးပြိုင်လေလံ မှတစ်ဆင့် ဈေးကွက်အား ထိန်းကျောင်း ဆောင်ရွက်ပေးပါသည်။
- ရည်ညွှန်းနိုင်ငံခြားငွေလဲလှယ်နှုန်းအား ပြောင်းလွယ်ပြင်လွယ်ငွေလဲလှယ်နှုန်းဖြစ် စေရန်နှင့် ဈေးကွက်ကို ပိုမိုထင်ဟပ်နိုင် စေရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် သည် ရည်ညွှန်းငွေလဲလှယ်နှုန်း သတ်မှတ် ခြင်းကို နိုင်ငံခြားသုံးငွေဈေးပြိုင်လေလံအပေါ် အခြေခံသတ်မှတ်သည့်စနစ်မှ ဈေးကွက် အခြေခံသတ်မှတ်သည့်စနစ်သို့ ၂၀၁၉ခုနှစ်၊ ဖေဖော်ဝါရီလတွင် စတင်အကောင်အထည် ဖော်ဆောင်ရွက်ခဲ့ပါသည်။
- နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အတွက် အဓိက မောင်းနှင်အားဖြစ်သော ဘဏ္ဍာရေးမူဝါဒ၊ ငွေကြေးမူဝါဒတို့နှင့် စပ်လျဉ်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှု ဝန်ကြီးဌာနနှင့်မြန်မာနိုင်ငံတော်ဗဟိုဘဏ် တို့ ညှိနှိုင်းပူးပေါင်း၍ မူဝါဒများချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေကြေးမူဝါဒချမှတ် အကောင်အထည် ဖော်မှုအဆင့်ဆင့်အား လုပ်ငန်းစဉ်ပြပုံ ဖြင့်ဖော်ပြအပ်ပါသည်။

# ငွေကြေးမူဝါဒချမှတ်အကောင်အထည်ဖော်မှုဆိုင်ရာလုပ်ငန်းစဉ်ပြပုံ

**မေခရိုစီးပွားရေးအချက်အလက်များ**

- ♦ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု
- ♦ငွေကြေးဖောင်းပွမှု
- ♦ စုစုပေါင်းငွေကြေးပမာဏတိုးတက်မှု
- ♦ စီးပွားရေးစနစ်ရှိငွေကြေးအခြေအနေ
- ♦ နိုင်ငံခြားသုံးသီးသန့်ငွေအခြေအနေ
- ♦ငွေလဲလှယ်နှုန်းအခြေအနေ

⇓

**မူဝါဒဆုံးဖြတ်ချက်**

♦မေခရိုစီးပွားရေးနှင့်ဈေးကွက်အချက်အလက်များအရဗဟိုဘဏ်ဥက္ကဋ္ဌနှင့်ဒါရိုက်တာအဖွဲ့၏ဆုံးဖြတ်ချက်

⇒

**မူဝါဒနည်းလမ်းများ**

- ♦အတိုးနှုန်းမူဝါဒ
- ♦လျှော့နှုန်းနှင့်တစ်ဆင့်လျှော့နှုန်းသတ်မှတ်ခြင်း
- ♦အနည်းဆုံးသီးသန့်ငွေလိုအပ်ချက်သတ်မှတ်ခြင်း
- ♦လွတ်လပ်သောဈေးကွက်ဆိုင်ရာလုပ်ဆောင်ချက်များ

⇒

**လုပ်ငန်းဆိုင်ရာရည်မှန်းချက်**

♦သီးသန့်ငွေကြေးပမာဏ

⇒

**ကြားခံရည်မှန်းချက်**

♦စုစုပေါင်းငွေကြေးပမာဏ

⇒

**ဦးတည်ချက်**

♦ပြည်တွင်းဈေးနှုန်းတည်ငြိမ်ရေးနှင့် ထိန်းသိမ်းရေး



## ငွေကြေးမူဝါဒနည်းလမ်းများ

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ငွေကြေးမူဝါဒနည်းလမ်းများမှာ အတိုးနှုန်းမူဝါဒချမှတ်ဆောင်ရွက်ခြင်း၊အနည်းဆုံးသီးသန့်ငွေလိုအပ်ချက်သတ်မှတ်ခြင်းနှင့်လွတ်လပ်သောဈေးကွက်ဆိုင်ရာ လုပ်ဆောင်ချက်များဆောင်ရွက်ခြင်းတို့ ဖြစ်ပါသည်။

## အတိုးနှုန်းမူဝါဒချမှတ်ဆောင်ရွက်ခြင်း

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် အတိုးနှုန်းမူဝါဒချမှတ်ရာတွင် ငွေကြေးဖောင်းပွမှုနှုန်းအလားအလာအရ နိုင်ငံတော်၏ စီးပွားရေးကိုအထောက်အကူဖြစ်စေရန်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုကို အားပေးနိုင်စေရန်နှင့် စုဆောင်းသူများအား ဆွဲဆောင်နိုင်သည့်အတိုးနှုန်းဖြစ်စေရန်အတွက် ချိန်ဆသတ်မှတ်ပေးပါသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ဗဟိုဘဏ်လျှော့နှုန်းမှာ ၁၀ ရာခိုင်နှုန်းဖြစ်ပြီး၊ ၎င်းအပေါ်မူတည်၍ အပ်ငွေပေါ်တွင် ပေးရမည့်အနိမ့်ဆုံးအတိုးနှုန်းမှာ ၈ ရာခိုင်နှုန်းနှင့်ချေးငွေများအပေါ်တွင် တောင်းခံနိုင်သည့် အမြင့်ဆုံးအတိုးနှုန်းမှာ အာမခံဖြင့် ချေးငွေများအတွက် ၁၃ ရာခိုင်နှုန်းနှင့် အာမခံမဲ့ ချေးငွေများအတွက် ၁၆ ရာခိုင်နှုန်းဖြစ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဗဟိုဘဏ်လျှော့နှုန်းနှင့် ဘဏ်နှင့်ဆက်သွယ်သူများအတွက် အတိုးနှုန်းများ သတ်မှတ်ပေးလျက်ရှိသော်လည်း အပ်ငွေလေလံအတိုးနှုန်း၊ အစိုးရငွေချေးသက်သေခံလက်မှတ်များ ဈေးပြိုင်စနစ်အတိုးနှုန်း၊ နိုင်ငံခြားငွေကြေးဖြင့် ထားရှိသည့်အပ်နှံငွေအပေါ်အတိုးနှုန်းနှင့် ဘဏ်အချင်းချင်းဈေးကွက်အတိုးနှုန်းတို့အား ဖြေလျှော့မှုများခွင့်ပြုခဲ့ပါသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း လေလံဈေးကွက်များ၏ အတိုးနှုန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် အတိုးနှုန်းများ(%) | | |
|---|---|---|
| ဗဟိုဘဏ်အတိုးနှုန်း | | ၁၀ |
| **အပ်ငွေအပေါ်အတိုးနှုန်း** | | |
| ငွေစုဘဏ်အတိုးနှုန်း | | ၈-၁၀ |
| စာရင်းသေအပ်ငွေ အတိုးနှုန်း | (၃)လ | ၈-၁၀ |
| | (၆)လ | ၈-၁၀ |
| | (၉)လ | ၈-၁၀ |
| ငွေစုလက်မှတ် | ၁၂လ | ၉ |
| အပ်ငွေလေလံ (ပျမ်းမျှအတိုးနှုန်း) | ၁၄ ရက် | ၅.၉၄ |
| | ၂၈ ရက် | ၆.၂၇ |
| | ၄၂ ရက် | ၆.၂ |
| ငွေတိုက်လက်မှတ်လေလံ (ပျမ်းမျှလျှော့နှုန်း) | (၃)လ | ၇.၈၂ |
| | (၆)လ | ၈.၆၁ |
| | (၁၂)လ | ၉.၁၁ |
| ငွေတိုက်စာချုပ်လေလံ (ပျမ်းမျှအတိုးနှုန်း) | ၂-၃ နှစ် | ၉.၅၁ |
| | ၃-၄ နှစ် | ၉.၅၉ |
| | ၄-၅ နှစ် | ၉.၇၆ |
| **ချေးငွေပေါ်အတိုးနှုန်း** | | |
| စီးပွားရေးလုပ်ငန်းချေးငွေ | အာမခံဖြင့်ချေးငွေ | ၁၃ |
| | အာမခံမဲ့ချေးငွေ | ၁၆ |
| စိုက်ပျိုးရေးအထူးချေးငွေ | | ၈ |
| အသေးစားချေးငွေ | | ၃၀ |

ဇာစ်မြစ် ။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

**အနည်းဆုံးသီးသန့်ငွေလိုအပ်ချက်သတ်မှတ်ခြင်း**

သီးသန့်ငွေအချိုး တိုးမြှင့်သတ်မှတ်ခြင်းဖြင့်ဘဏ်များကထုတ်ချေးနိုင်သည့်ချေးငွေပမာဏလျှော့နည်းစေနိုင်ပြီး၊ ထိုမှတစ်ဆင့်စီးပွားရေးစနစ်ရှိငွေကြေးပမာဏကိုလျှော့နည်းစေနိုင်မည်ဖြစ်ပါသည်။ အပြန်အလှန်အားဖြင့်ယင်းအချိုးကို လျှော့ချသတ်မှတ်ခြင်းဖြင့်ဘဏ်များက ထုတ်ချေးနိုင်သည့် ချေးငွေပမာဏကိုတိုးမြှင့်စေပြီး၊စီးပွားရေးစနစ်ရှိငွေကြေးပမာဏကို တိုးမြှင့်စေပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် မှစ၍အနည်းဆုံးသီးသန့်ငွေလိုအပ်ချက်အဖြစ် အများပြည်သူအပ်နှံငွေစုစုပေါင်း၏၅ရာခိုင်နှုန်းအားမြန်မာနိုင်ငံတော်ဗဟိုဘဏ်ရှိ စာရင်းရှင်အပ်နှံငွေတစ်မျိုးတည်းဖြင့်သာထားရှိရန် သတ်မှတ်ခဲ့ပြီး၊ အနည်းဆုံးသီးသန့်ငွေလိုအပ်ချက်လျှော့နည်းခြင်းအတွက်ဒဏ်ကြေးသတ်မှတ်ခြင်းဆိုင်ရာ ညွှန်ကြားချက်ကို ၂၀၁၆ခုနှစ်၊ စက်တင်ဘာလတွင် ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါ ညွှန်ကြားချက်အရ အနည်းဆုံးသီးသန့်ငွေလိုအပ်ချက်လိုက်နာမှုမရှိသည့်ဘဏ်သည် ပထမအကြိမ် ပျက်ကွက်မှုအတွက် အမြင့်ဆုံးပေးဆောင်ရမည့် ဒဏ်ကြေး၏ ၆၀%၊ ဒုတိယအကြိမ်အတွက် ၈၀% နှင့် တတိယအကြိမ်နှင့်အထက်အတွက် ၁၀၀% ပေးဆောင်ရမည်ဖြစ်ပါသည်။

**လွတ်လပ်သောဈေးကွက်ဆိုင်ရာလုပ်ဆောင်ချက်များဆောင်ရွက်ခြင်း**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည်နိုင်ငံ၏ ငွေကြေးဈေးကွက်ဖွံ့ဖြိုးမှုအခြေအနေအရစီးပွားရေးစနစ်မှ ငွေကြေးထုတ်နုတ်နိုင်ရန်အပ်ငွေလေလံခေါ်ယူ၍လည်းကောင်း၊ စီးပွားရေးစနစ်သို့ ငွေကြေးဖြည့်သွင်းနိုင်ရန် ချေးငွေလေလံခေါ်ယူ၍လည်းကောင်းငွေကြေးပမာဏကိုလိုအပ်သလို ထိန်းညှိဆောင်ရွက်ပေးလျက်ရှိပါသည်။၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်အတွင်းမြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဈေးကွက်မှပိုလျှံငွေကြေးများကိုထုတ်နုတ်ရန် အပ်ငွေလေလံခေါ်ယူ၍ နုတ်သိမ်းခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ငွေကြေးဈေးကွက် ဖွံ့ဖြိုးလာသည်နှင့်အမျှအပ်ငွေ/ချေးငွေ ဈေးပြိုင်ခေါ်ယူခြင်းနည်းလမ်းများအပြင် အခြားသွယ်ဝိုက် ငွေကြေးမူဝါဒနည်းလမ်းများဖြစ်သည့် အစိုးရငွေချေးသက်သေခံလက်မှတ်များအားဈေးကွက်တွင်ရောင်း/ဝယ်ခြင်း (Outright Sale/ Purchase)၊ အစိုးရငွေချေးသက်သေခံလက်မှတ်များ အသုံးပြု၍ ငွေကြေးဈေးကွက်၌ ကာလတိုငွေချေးငှားမှု လုပ်ဆောင်ချက် (Repo Operation) နှင့် ဗဟိုဘဏ်မှ ငွေချေးသက်သေခံလက်မှတ် ထုတ်ဝေခြင်းတို့ကိုဆောင်ရွက်သွားမည် ဖြစ်ပါသည်။

# အခန်း(၃)

## မေခရိုစီးပွားရေးနှင့်ငွေရေးကြေးရေးအခြေအနေ (အကျဉ်းချုပ်)

**မေခရိုစီးပွားရေးနှင့် ငွေရေးကြေးရေး အခြေအနေ (အကျဉ်းချုပ်)**

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဒုတိယ (၆) လတာကာလအတွက် စီးပွားရေး တိုးတက်မှုနှုန်းမှာ ၇.၇ ရာခိုင်နှုန်းရှိခဲ့ပါသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် စီးပွားရေးတိုးတက်မှုနှုန်းမှာ ၆.၈ ရာခိုင်နှုန်း ရှိရာ ယခင်ဘဏ္ဍာရေးနှစ်၏ စီးပွားရေး တိုးတက်မှုနှုန်း ၆.၄ ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်ပါကအနည်းငယ်မြင့်တက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်ဒုတိယ (၆) လတာကာလ၏ ယာယီအမှန်ရငွေ သုံးငွေစာရင်းများအရ စုစုပေါင်း အစိုးရ ရငွေမှာ ဂျီဒီပီ၏ ၁၃ ရာခိုင်နှုန်း၊ စုစုပေါင်း အစိုးရ အသုံးစရိတ်မှာ ဂျီဒီပီ၏ ၁၈ ရာခိုင်နှုန်းနှင့် လိုငွေနှင့် ဂျီဒီပီအချိုး မှာ ၄.၉၈ ရာခိုင်နှုန်းခန့်ရှိခဲ့ပါသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ယာယီအမှန်ရငွေ၊ သုံးငွေစာရင်းအရ စုစုပေါင်းအစိုးရ ရငွေမှာ ဂျီဒီပီ ၏ ၂၄ ရာခိုင်နှုန်း၊ စုစုပေါင်းအစိုးရ အသုံးစရိတ်မှာ ဂျီဒီပီ၏ ၂၉ ရာခိုင်နှုန်းနှင့် လိုငွေနှင့် ဂျီဒီပီအချိုးမှာ ၅.၀၁ ရာခိုင်နှုန်းခန့် ရှိခဲ့ပါသည်။ ယခင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေး နှစ်နှင့် နှိုင်းယှဉ်ပါက လိုငွေနှင့် ဂျီဒီပီအချိုး မှာ သိသာစွာမြင့်တက်ခဲ့ပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာနိုင်ငံ၏ နိုင်ငံခြားငွေပေးငွေယူရှင်း တမ်း အခြေအနေမှာပို့ကုန်ထက် သွင်းကုန် ပမာဏများပြားခဲ့ပြီး ကုန်သွယ်မှုလိုငွေ ဖြစ် ပေါ်ခဲ့သော်လည်း ဝန်ဆောင်မှုနှင့် ဝင်ငွေ တိုးမြင့်ခဲ့သဖြင့် သာမန်စာရင်းပိုင်းတွင် ပိုငွေ ဖြစ်ပေါ်ခဲ့ပါသည်။ ထို့အတူ စုစုပေါင်း နိုင်ငံ ခြားငွေပေးငွေယူစာရင်းတွင်လည်း ပိုငွေ ဖြစ်ပေါ်ခဲ့ပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် ဗဟိုဘဏ်၏ အစိုးရဘတ်ဂျက်လိုငွေဖြည့် ဆည်းမှုမှာ မူလခန့်မှန်းခြေအရ ပြည်တွင်းမှ ချေးယူမှု၏ ၂၀ ရာခိုင်နှုန်း လျာထားသော် လည်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်ကုန်ရှိ အမှန်စာရင်းအရ ပြည်တွင်းမှ ချေးယူမှု၏ ၂၁ ရာခိုင်နှုန်း ရှိခဲ့ပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း သီးသန့်ငွေကြေးပမာဏနှင့် စုစုပေါင်းငွေ ကြေးပမာဏတိုးတက်မှုနှုန်း(နှစ်အလိုက်)တို့

အား ၁၁ ရာခိုင်နှုန်းနှင့် ၂၁ ရာခိုင်နှုန်း အသီးသီး ရည်မှန်းချက်သတ်မှတ်ထားရှိခဲ့ပါသည်။ ၂၀၁၉ခုနှစ်၊ စက်တင်ဘာလကုန် အမှန်စာရင်းအရ သီးသန့်ငွေကြေးပမာဏ တိုးတက်မှုနှုန်းသည် ၁၁ ရာခိုင်နှုန်းနှင့် စုစုပေါင်းငွေကြေးပမာဏ တိုးတက်မှုနှုန်းမှာ ၁၅ ရာခိုင်နှုန်းရှိခဲ့ပါသည်။

သီးသန့်ငွေကြေးပမာဏနှင့် စုစုပေါင်းငွေကြေးပမာဏတို့မှာ ရည်မှန်းချက်ဘောင်အတွင်း ထိန်းသိမ်းထားနိုင်ခဲ့သော်လည်း လျှပ်စစ်ဓာတ်အားခနှုန်းထားများတိုးမြင့်ခြင်းနှင့် လောင်စာဆီဈေးနှုန်းများ မြင့်တက်သဖြင့် ကုန်စည်ဈေးနှုန်းများ မြင့်မားခဲ့ခြင်းတို့ကြောင့် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းနှင့် နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း တို့မှာ ယခင်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက မြင့်မားခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ၂၀၁၂ခုနှစ်၊ စက်တင်ဘာလမှစတင်၍ သီးသန့်ငွေကြေးပမာဏအား ရည်မှန်းချက်ဘောင်အတွင်းရှိစေရန်အတွက် ငွေကြေးဆိုင်ရာလုပ်ဆောင်ချက်များဖြစ်သည့် အပ်ငွေလေလံ (သို့မဟုတ်) ချေးငွေလေလံခေါ်ယူခြင်းများ ဆောင်ရွက်၍ငွေကြေးပမာဏအား ထိန်းညှိပေးလျက် ရှိပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် အတိုးနှုန်း၊အနည်းဆုံးသီးသန့်ငွေလိုအပ်ချက်သတ်မှတ်ခြင်းနှင့်လွတ်လပ်သောဈေးကွက်ဆိုင်ရာလုပ်ဆောင်ချက်များစသည့်ငွေကြေးမူဝါဒနည်းလမ်းများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် အစိုးရလိုငွေအတွက် ဗဟိုဘဏ်မှဖြည့်ဆည်းပေးရမှုကို လျှော့ချနိုင်ရန်အတွက် အစိုးရကိုယ်စား အစိုးရငွေတိုက်လက်မှတ်များနှင့် ငွေတိုက်စာချုပ်များအား လေလံစနစ်ဖြင့် ဝယ်ယူခြင်း၊ ရောင်းချခြင်း စသည်တို့ကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနနှင့်ပေါင်းစပ်ညှိနှိုင်း၍အရှိန်မြင့် ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ထိန်းကျောင်းမှုရှိသည့် နှုန်းရှင်ငွေလဲလှယ်နှုန်းစနစ်စတင်ကျင့်သုံးချိန်မှစ၍ ဈေးကွက်၏နိုင်ငံခြားသုံးငွေလိုအပ်ချက်အားဖြည့်ဆည်းပေးရန်နှင့် နိုင်ငံခြားငွေလဲလှယ်နှုန်းများ အတက်အကျလွန်စွာမြင့်မားခြင်းမရှိစေရန်အတွက် နိုင်ငံခြားသုံးငွေဈေးပြိုင်လေလံ

ခေါ်ယူလျက် လိုအပ်သလို ဝင်ရောက်ထိန်းကျောင်းပေးလျက်ရှိပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ငွေကြေးမူဝါဒနှင့် လိုက်လျောညီထွေရှိမည့် နိုင်ငံခြားငွေလဲလှယ်နှုန်းမူဝါဒအားကျင့်သုံးဆောင်ရွက်လျက်ရှိပြီး ငွေကြေးဖောင်းပွမှုနှုန်းအား ထိန်းသိမ်းရန်အတွက်ဈေးကွက်ရှိစုစုပေါင်း ငွေကြေးပမာဏအား ရည်မှန်းချက်ဘောင်အတွင်း ထိန်းသိမ်းခြင်းဖြင့် မိမိ၏ ငွေကြေးမူဝါဒအား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

# အခန်း(၄)

## စီးပွားရေး၊ ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးအခြေအနေတင်ပြချက်

## စီးပွားရေးတိုးတက်မှုအခြေအနေ

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ ရှေ့ပြေးအမှန်ကိန်းဂဏန်းများအရ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း စီးပွားရေးတိုးတက်မှုအခြေအနေအား တင်ပြထားခြင်းဖြစ်ပါသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၏ စီးပွားရေးတိုးတက်မှုနှုန်းမှာ ၆.၈ ရာခိုင်နှုန်းဖြစ်ပြီး ယခင် ဘဏ္ဍာရေးနှစ်၏ စီးပွားရေးတိုးတက်မှုနှုန်း ၆.၄ ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်ပါက အနည်းငယ် တိုးတက်ခဲ့ပါသည်။ စီးပွားရေးတိုးတက်မှုတွင် စက်မှုကဏ္ဍ၏ ပါဝင်သည် ၈.၄ ရာခိုင် နှုန်းဖြင့် အများဆုံးဖြစ်ပြီး လယ်ယာကဏ္ဍ ၏ ပါဝင်မှုသည် ၂.၁ ရာခိုင်နှုန်းဖြင့် အနည်းဆုံးဖြစ်ပါသည်။ ယခင်နှစ်နှင့်နှိုင်း ယှဉ်ပါက စက်မှုကဏ္ဍတွင် ကျဆင်းခဲ့ပြီး၊ လယ်ယာကဏ္ဍတွင် အနည်းငယ် တိုးတက်ခဲ့ပါသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဒုတိယ(၆)လကာလအတွင်း စီးပွားရေးတိုးတက်မှုနှုန်းမှာ ၇.၇ ရာခိုင်နှုန်းရှိခဲ့သဖြင့် ယခင်ဘဏ္ဍာရေးနှစ် အလားတူကာလ စီးပွားရေး တိုးတက်မှုနှုန်း ၆.၄ ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်ပါက သိသာစွာတိုးတက်ခဲ့ပါသည်။




**ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာနနှင့်အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့**

အာဆီယံနိုင်ငံများဖြစ်သည့် လာအို၊ ကမ္ဘောဒီးယား၊ဗီယက်နမ်နိုင်ငံတို့နှင့် နှိုင်းယှဉ်ပါက ၂၀၁၉ ခုနှစ်တွင် လာအိုနိုင်ငံ၏ စီးပွားရေးတိုးတက်မှုမှာ သိသာစွာကျဆင်းလျက်ရှိသည်မှအပ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုနှုန်းမှာ အဆိုပါ နိုင်ငံများနီးပါးရှိခဲ့ကြောင်း တွေ့ရှိရပါသည်။(ပုံ-၁)

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဒုတိယ (၆)လတာကာလအတွင်း စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် လယ်ယာကဏ္ဍ ၂၀ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍ ၃၄ ရာခိုင်နှုန်းနှင့် ဝန်ဆောင်မှုကဏ္ဍ ၄၆ ရာခိုင်နှုန်း အသီးသီးပါဝင်ပြီး ဘဏ္ဍာနှစ်တစ်ခုလုံးအတွက် ကဏ္ဍအလိုက် ပါဝင်မှုမှာ လယ်ယာကဏ္ဍ ၂၂ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍ

၃၆ ရာခိုင်နှုန်းနှင့် ဝန်ဆောင်မှု ကဏ္ဍ ၄၂ ရာခိုင်နှုန်း အသီးသီးပါဝင်ပါသည်။ (ပုံ-၂)




**ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန**

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဒုတိယ (၆) လတာကာလအတွင်း စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးမှာ ပုံမှန်ဈေးနှုန်းအရ ကျပ်သန်းထောင်ပေါင်း ၃၂,၄၅၅ ဖြစ်ပါသည်။၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် စုစုပေါင်းပြည်တွင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးမှာ ပုံမှန်ဈေးနှုန်းအရ ကျပ်သန်းထောင်ပေါင်း ၈၉,၁၄၇ ရှိပြီး တစ်နှစ်ပျမ်းမျှတစ်ဦးကျထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးမှာ ကျပ်ထောင်ပေါင်း ၁,၉၄၅ ဖြစ်ပါသည်။ (ပုံ-၃)




**ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန**

## ငွေကြေးဖောင်းပွမှုအခြေအနေ

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း လောင်စာဆီ ဈေးနှုန်းများ မြင့်တက်ခဲ့ခြင်း၊ စားသုံးကုန်စည်ဈေးနှုန်းများ မြင့်မားခဲ့ခြင်း၊ လျှပ်စစ်ဓါတ်အားခနှုန်းထားများ တိုးမြှင့်ခဲ့ခြင်းတို့ကြောင့် ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလကုန်ရှိ ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းနှင့် နှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်းများမှာ ယခင်နှစ်အလားတူကာလထက်မြင့်တက်ခဲ့ပါသည်။

ဗဟိုစာရင်းအင်းအဖွဲ့၏ ၂၀၁၂ ခုနှစ်အား အခြေခံနှစ်အဖြစ်တွက်ချက်ထားသည့် စားသုံးသူဈေးဆနှုန်းကိန်းအရ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလတွင် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ ၈.၆၁ ရာခိုင်နှုန်းနှင့် နှစ်အလိုက်

ငွေကြေးဖောင်းပွမှုနှုန်းမှာ ၉.၅၁ ရာခိုင်နှုန်း ဖြစ်ပါသည်။အစားအစာအုပ်စုနှင့် လောင်စာဆီစျေးနှုန်းများမပါဝင်ဘဲတွက်ချက် ထားသော Core CPI အရ ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ ၈.၃၀ ရာခိုင်နှုန်းနှင့် နှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်းမှာ ၁၃.၅၈ ရာခိုင်နှုန်း ရှိခဲ့ပါသည်။ ဇယား(၁)(ပုံ-၄)




ဇာစ်မြစ် ။ ဗဟိုစာရင်းအင်းအဖွဲ့

တစ်နိုင်ငံလုံး၏ အုပ်စုအလိုက်စားသုံးသူစျေးဆနှုန်းကိန်းအရ အစားအစာအုပ်စုအတွက် နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလတွင် ၈.၇၇ ရာခိုင်နှုန်းရှိပြီး၊ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလတွင် ၈.၅၅ ရာခိုင်နှုန်းရှိခဲ့သဖြင့် အစားအစာအုပ်စု၏ စျေးနှုန်းများ အနည်းငယ်မြင့်တက်ခဲ့ကြောင်း တွေ့ရပါသည်။ဇယား(၂)

အစားအစာမဟုတ်သော အုပ်စု၏ စျေးဆနှုန်းမှာနှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်းအရ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလတွင် ၁၀.၈၀ ရာခိုင်နှုန်းရှိပြီး၊ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလတွင် ၈.၆၉ ရာခိုင်နှုန်း ရှိခဲ့သဖြင့် အစားအစာမဟုတ်သောအုပ်စု၏ စျေးနှုန်းများမှာလည်း သိသာစွာမြင့်တက်ခဲ့ပါသည်။ (ပုံ-၅)




ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

၂၀၁၉ ခုနှစ်၊ စက်တင်ဘာလတွင် အဓိကအုပ်စုများ၏ နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်းများမှာ ဆေးလိပ်နှင့် အဖျော်ယမကာ ၈.၄၄ ရာခိုင်နှုန်း၊ အဝတ်အထည် ၄.၉၃ ရာခိုင်နှုန်း၊ အိမ်လခနှင့်အိမ်ပြင်ခ ၃၁.၄၁ ရာခိုင်နှုန်း၊ အိမ်အသုံးအဆောင်

ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ် ၇.၇၉ ရာခိုင်နှုန်း၊ ကျန်းမာရေး ၈.၁၂ ရာခိုင်နှုန်း၊ သယ်ယူပို့ဆောင်ရေး (-)၀.၀၆ ရာခိုင်နှုန်း၊ ဆက်သွယ်ရေး (-)၀.၇၃ ရာခိုင်နှုန်း၊ အပန်းဖြေခြင်းနှင့် ယဉ်ကျေးမှု ၁၂.၀၆ ရာခိုင်နှုန်း၊ ပညာရေး ၄.၀၈ ရာခိုင်နှုန်း၊ ပြင်ပအစားအသောက် ၄.၇၄ ရာခိုင်နှုန်းနှင့် အထွေထွေကုန်ပစ္စည်း ၁၁.၆၀ ရာခိုင်နှုန်း ရှိသဖြင့် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလနှင့် နှိုင်းယှဉ်လျှင်သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးအုပ်စုများမှလွဲ၍ အခြား ကုန်စည်အုပ်စုအများစု၏ ဈေးနှုန်းများမှာ မြင့်တက်ခဲ့ပါသည်။ ဇယား(၂)

ငွေကြေးဖောင်းပွမှုနှုန်းအမြင့်ဆုံး ဖြစ်ပေါ်ခဲ့သည့် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့ကြီး ၃ မြို့၏ ၂၀၁၉ခုနှစ်၊ စက်တင်ဘာလကုန်ရှိနှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်းမှာ ဧရာဝတီတိုင်းဒေသကြီးသည် ၁၄.၆၆ ရာခိုင်နှုန်းဖြင့် အမြင့်ဆုံး၊ စစ်ကိုင်းတိုင်းသည် ၁၃.၄၂ ရာခိုင်နှုန်းဖြင့် ဒုတိယ အမြင့်ဆုံးနှင့် မန္တလေးမြို့သည် ၁၃.၃၉ ရာခိုင်နှုန်းဖြင့်တတိယအမြင့်ဆုံးအသီးသီးရှိခဲ့ပါသည်။ ဇယား(၃)




ဇာစ်မြစ်။ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့

မြန်မာနိုင်ငံ၏ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းသည် အခြားအိမ်နီးချင်းနိုင်ငံများ နှင့် နှိုင်းယှဉ်ပါက ပါကစ္စတန်နိုင်ငံ ထက်လျော့နည်း၍ ကျန်နိုင်ငံများထက် မြင့်မားကြောင်းတွေ့ရပါသည်။(ပုံ-၆)

ငွေကြေးဖောင်းပွမှုအားသင့်တင့်မျှတသည့် အနေအထားတွင်ရှိစေရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေကြေးမူဝါဒ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၏ ဘဏ္ဍာရေးမူဝါဒနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ၏ ကုန်သွယ်ရေးမူဝါဒတို့နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

**ဘဏ္ဍာရေးအခြေအနေ**

၂၀၁၉ခုနှစ်၊ စက်တင်ဘာလကုန်ရှိ နိုင်ငံတော်၏ ယာယီအမှန်ရငွေ၊ သုံးငွေစာရင်းများအရ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်

အတွက် ရငွေနှင့် ဂျီဒီပီအချိုးမှာ ၂၄ ရာခိုင်နှုန်း၊ သုံးငွေနှင့် ဂျီဒီပီအချိုးမှာ ၂၉ ရာခိုင်နှုန်းနှင့် ဘတ်ဂျက်လိုငွေနှင့် ဂျီဒီပီ အချိုးမှာ ၅.၀၁ ရာခိုင်နှုန်းရှိခဲ့ပါသည်။ (ပုံ-၇)

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း အစိုးရလိုငွေဖြည့်ဆည်းရန်အတွက် ငွေတိုက်စာချုပ် ကျပ်သန်းထောင်ပေါင်း ၂,၆၂၁.၅၆ နှင့် ငွေတိုက်လက်မှတ် ကျပ်သန်းထောင်ပေါင်း ၄၀၁.၈၆တို့ အားဈေးပြိုင်စနစ်ဖြင့်အသားတင် ရောင်းချခဲ့ပါသည်။




ဇာစ်မြစ်။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန

## ကုန်သွယ်မှုအခြေအနေ

စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့၏ ပို့ကုန်သွင်းကုန်ကိန်းဂဏန်းများအရ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၁,၀၂၆ သန်းဖြစ်ပြီး၊ ယခင်နှစ် အလားတူကာလ၏ ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၃,၀၀၁ သန်းနှင့် နှိုင်းယှဉ်ပါက လိုငွေဖြစ်ပေါ်မှု အမေရိကန် ဒေါ်လာ ၁,၉၇၅ သန်း လျော့နည်းခဲ့ပါသည်။

စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း အမေရိကန် ဒေါ်လာ ၁၇,၀၆၀ သန်းဖြစ်ပြီး၊ ယခင်နှစ် အလားတူကာလတွင် အမေရိကန်ဒေါ်လာ ၁၆,၄၄၇ သန်းဖြစ်၍ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၆၁၃ သန်း ပိုမိုတင်ပို့နိုင်ခဲ့ပါသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် အတွင်း စုစုပေါင်း ပို့ကုန်တန်ဖိုးတွင် ကဏ္ဍအလိုက် ပါဝင်မှုမှာ သား၊ ငါးပို့ကုန် ၆ ရာခိုင်နှုန်း၊ သစ်တောထွက်ကုန် ၁ ရာခိုင်နှုန်း၊ လယ်ယာထွက်ကုန်ပစ္စည်း ၁၉ ရာခိုင်နှုန်း၊ သတ္တုနှင့် တွင်းထွက်ပစ္စည်း ၉ ရာခိုင်နှုန်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်း ၅၃ ရာခိုင်နှုန်းနှင့် အခြားထုတ်ကုန် ၁၂ ရာခိုင်နှုန်း အသီးသီး ဖြစ်ပါသည်။ ယခင်ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ် ပါက သား၊ငါးပို့ကုန် ၁၇ ရာခိုင်နှုန်း၊ လယ်ယာပို့ကုန် ၁၃ ရာခိုင်နှုန်းနှင့် ကုန်ထုတ်လုပ်မှု ၂၃ ရာခိုင်နှုန်း အသီးသီးတိုးတက်ခဲ့သော်လည်း သစ်တောထွက်ကုန် ၁၆ ရာခိုင်နှုန်း

နှင့် သတ္တုနှင့်တွင်းထွက်ပစ္စည်းမှာ ၃၂ ရာခိုင်နှုန်း အသီးသီးကျဆင်းခဲ့ပါသည်။




ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း စုစုပေါင်း သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၈,၀၈၇ သန်းဖြစ်ပြီး၊ ယခင်နှစ်၏ စုစုပေါင်း သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၉,၄၄၇ သန်းနှင့် နှိုင်းယှဉ်ပါက အမေရိကန်ဒေါ်လာ ၁,၃၆၀ သန်းလျော့နည်း တင်သွင်းခဲ့ပါသည်။ (ပုံ-၈)

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ပို့ကုန်တင်ပို့မှုထက်သွင်းကုန်တင်သွင်းမှုက ပို၍များသောကြောင့် ကုန်သွယ်မှုလိုငွေဖြစ်ပေါ်ခဲ့သော်လည်း ယခင်နှစ်အလားတူကာလ ကုန်သွယ်မှု လိုငွေအောက်သိသာစွာလျော့နည်းခဲ့ပါသည်။ သွင်းကုန်အခြေအနေအား စိစစ်ရာ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သည့်ရင်းနှီးကုန်စည်များ (Capital Goods) နှင့် ကြားခံကုန်စည်များ(Intermediate Goods) ကို တင်သွင်းမှုများပြားခဲ့ပြီး၊ စုစုပေါင်းသွင်းကုန်၏ ၃၀ ရာခိုင်နှုန်းနှင့် ၄၂ ရာခိုင်နှုန်းအသီးသီးရှိပါသည်။ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်နှင့် နှိုင်းယှဉ်ပါက ရင်းနှီးကုန်စည်တင်သွင်းမှု ၁၇ ရာခိုင်နှုန်း၊ စားသုံးကုန်စည် တင်သွင်းမှုမှာ ၄.၅ ရာခိုင်နှုန်းနှင့် ကြားခံကုန်စည်များတင်သွင်းမှုမှာ ၀.၄ ရာခိုင်နှုန်းအသီးသီး လျော့နည်းခဲ့ပါသည်။ ဇယား(၄)

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာနိုင်ငံမှ အများဆုံးပို့ကုန်တင်ပို့သည့် နိုင်ငံများမှာ တရုတ်၊ ထိုင်းနှင့် ဂျပန်နိုင်ငံတို့ဖြစ်ပြီး၊ အများဆုံး သွင်းကုန်တင်သွင်းသည့်နိုင်ငံများမှာ တရုတ်၊ စင်ကာပူ၊ ထိုင်းနှင့် မလေးရှားနိုင်ငံတို့ဖြစ်ပါသည်။ မြန်မာနိုင်ငံနှင့် စုစုပေါင်းကုန်သွယ်မှုအများဆုံးနိုင်ငံများမှာ တရုတ်၊ ထိုင်းနှင့်စင်ကာပူနိုင်ငံတို့ ဖြစ်ပါသည်။(ပုံ-၉)

ပုံ(၉) အဓိကကုန်သွယ်ဘက်နိုင်ငံများနှင့် ကုန်သွယ်မှု




ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

## နိုင်ငံခြားငွေပေးငွေယူစာရင်းအခြေအနေ

နိုင်ငံခြားငွေပေးငွေယူစာရင်းအရ ၂၀၁၉ခုနှစ်၊စက်တင်ဘာလကုန်တွင်ကုန်သွယ်မှုအတွက်အသားတင်စီးထွက်ငွေအမေရိကန်ဒေါ်လာ ၂,၉၇၇.၇ သန်း၊ ဝန်ဆောင်မှုအတွက် အသားတင်စီးဝင်ငွေ အမေရိကန်ဒေါ်လာ ၂,၈၂၀.၆ သန်းနှင့် အသားတင်ဝင်ငွေ အမေရိကန်ဒေါ်လာ ၄၄၂.၄ သန်းရှိပါသည်။

သို့ဖြစ်၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း သာမန်စာရင်းတွင် ပိုငွေ အမေရိကန်ဒေါ်လာ ၂၈၅.၃ သန်းပေါ်ပေါက်ခဲ့ပါသည်။ အဆိုပါကာလအတွင်း အသားတင်ဝန်ဆောင်မှုတွင် ပိုငွေပေါ်ပေါက်ခြင်း၊ ကုန်သွယ်မှုလိုငွေဖြစ်ပေါ်မှု ကျဆင်းခဲ့ခြင်း၊ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အထိုက်အလျောက်ဝင်ရောက်ခဲ့ခြင်းတို့ကြောင့် ယခင်ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်ပါကနိုင်ငံခြားငွေပေးငွေယူရှင်းတမ်း အခြေအနေမှာ ပိုမိုကောင်းမွန်ခဲ့ပြီး စုစုပေါင်း ပိုငွေအမေရိကန်ဒေါ်လာ ၂၃၂ သန်း ရှိခဲ့ပါသည်။

## နိုင်ငံခြားသုံးသီးသန့်ရန်ပုံငွေအခြေအနေ

၂၀၁၉ ခုနှစ်၊ စက်တင်ဘာလတွင် စုစုပေါင်း နိုင်ငံခြားသုံးသီးသန့်ငွေပမာဏမှာ အမေရိကန်ဒေါ်လာ ၉.၇၃ ဘီလီယံရှိပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရှိ နိုင်ငံပိုင်နိုင်ငံခြားသုံးသီးသန့်ငွေပမာဏမှာ အမေရိကန်ဒေါ်လာ ၅.၆၇ ဘီလီယံ ရှိပါသည်။

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလကုန်တွင် စုစုပေါင်းနိုင်ငံခြားသုံးသီးသန့်ငွေမှာ သွင်းကုန်၏ ၆.၄ လစာပမာဏနှင့် ဗဟိုဘဏ်ရှိ နိုင်ငံပိုင်နိုင်ငံခြားသုံးသီးသန့်ငွေမှာ သွင်းကုန်၏ ၃.၃ လစာပမာဏရှိခဲ့ပြီး၊ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလကုန်တွင်စုစုပေါင်းနိုင်ငံခြားသုံးသီးသန့်ငွေမှာသွင်းကုန်၏ ၇.၂ လစာပမာဏနှင့် ဗဟိုဘဏ်ရှိ နိုင်ငံပိုင်နိုင်ငံခြားသုံးသီးသန့်ငွေမှာ သွင်းကုန်၏ ၄ လစာ ပမာဏရှိပါသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်းအခြေအနေ

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဈေးကွက်တွင် နိုင်ငံခြားသုံးငွေစီးဆင်းမှု လွယ်ကူချောမွေ့စေရန်နှင့် နိုင်ငံခြားငွေလဲလှယ်နှုန်းအတက်အကျ မြင့်မားခြင်းအား ရှောင်ရှားနိုင်ရန်အတွက် နိုင်ငံခြားသုံးငွေဈေးပြိုင်လေလံမှတဆင့်ပုဂ္ဂလိကဘဏ်များသို့ အမေရိကန်ဒေါ်လာရောင်းဝယ် ပေးခြင်းဖြင့်ဈေးကွက်အားလိုအပ်သလိုထိန်းကျောင်းဆောင်ရွက်လျက် ရှိပါသည်။ ဇယား(၅)

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ရည်ညွှန်းငွေလဲလှယ်နှုန်းအား ဈေးကွက်ကို ပိုမိုထင်ဟပ်စေရန်နှင့် ပြောင်းလွယ်ပြင်လွယ်ငွေလဲလှယ်နှုန်းဖြစ်စေရန်အတွက်ရည်ညွှန်းနိုင်ငံခြားငွေလဲလှယ်နှုန်းသတ်မှတ်ခြင်းအား နိုင်ငံခြားငွေဈေးပြိုင်လေလံကို အခြေခံသတ်မှတ်ရာမှ ဈေးကွက်အခြေခံငွေလဲလှယ်နှုန်းစနစ်သို့ ၂၀၁၉ခုနှစ် ဖေဖော်ဝါရီလတွင် စတင်ပြောင်းလဲကျင့်သုံးခဲ့ပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် အတွင်း အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေ၏ ရည်ညွှန်း နိုင်ငံခြားငွေလဲလှယ်နှုန်းမှာ အနိမ့်ဆုံး ၁,၅၀၀ ကျပ် နှင့် အမြင့်ဆုံး ၁,၅၈၁ ကျပ်ရှိခဲ့ပြီး၊ ပျမ်းမျှငွေလဲလှယ်နှုန်းမှာ ၁,၅၃၂ ကျပ်ရှိခဲ့ပါသည်။ ရည်ညွှန်းငွေလဲလှယ်နှုန်း အရ ၂၀၁၈ -၂၀၁၉ဘဏ္ဍာရေးနှစ် ဒုတိယ(၆) လပတ်ကာလအတွင်း မြန်မာကျပ်ငွေတန်ဖိုး ၂.၈ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး၊ တစ်နှစ်တာကာလအအတွင်း ၁.၇ ရာခိုင်နှုန်း တန်ဖိုးမြင့်တက်ခဲ့ပါသည်။




ဇာစ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံခြားငွေဈေးပြိုင်လေလံမှတစ်ဆင့် အသားတင်ဝယ်ယူမှု အမေရိကန်ဒေါ်လာ ၂၀၅.၈ သန်းရှိခဲ့ပါသည်။ (ပုံ-၁၀)

ဘဏ်အချင်းချင်း နိုင်ငံခြားငွေဈေးကွက်မှတစ်ဆင့် ဘဏ်များသည် ဘဏ်နှင့်ဆက်သွယ်သူများထံမှ စုစုပေါင်း ဝယ်ယူမှု အမေရိကန်ဒေါ်လာ ၂,၆၆၁.၈၈ သန်းနှင့် စုစုပေါင်း ရောင်းချမှု အမေရိကန်ဒေါ်လာ ၃,၂၄၃.၃၃ သန်းရှိခဲ့ပြီး၊ ဘဏ်အချင်းချင်း

စုစုပေါင်း ရောင်းချ /ဝယ်ယူမှု အမေရိကန် ဒေါ်လာ ၁,၆၄၅.၆၂ သန်းရှိခဲ့ပါသည်။ သို့ဖြစ်၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံခြားသုံးငွေဈေးပြိုင်နှင့် ဘဏ်အချင်းချင်းနိုင်ငံခြားငွေဈေးကွက်တို့မှ တစ်ဆင့်ဘဏ်များ၏ စုစုပေါင်း ဝယ်ယူမှု အမေရိကန်ဒေါ်လာ ၄,၃၀၇.၄၉ သန်းနှင့် စုစုပေါင်း ရောင်းချမှု အမေရိကန်ဒေါ်လာ ၄,၉၄၅.၃၄ သန်းရှိခဲ့ပါသည်။ (ပုံ-၁၁)



ပုံ(၁၁) ဘဏ်များ၏ အမေရိကန်ဒေါ်လာ ရောင်းဝယ်မှုပြပုံ

ဇာစ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်



ပုံ(၁၂ )ရည်ညွှန်းနိုင်ငံခြားငွေလဲလှယ်နှုန်းနှင့်ဈေးကွက်နိုင်ငံခြားငွေလဲလှယ်နှုန်းတို့၏ကွာဟချက်

ဇာစ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ရည်ညွှန်းနိုင်ငံခြားငွေလဲလှယ်နှုန်းနှင့် ဈေးကွက်နိုင်ငံခြားငွေလဲလှယ်နှုန်းတို့၏ ကွာဟချက်မှာ ၂၀၁၈ ခုနှစ် အောက်တိုဘာလအတွင်းနေ့ရက်အချို့တွင် အမြင့်ဆုံး ၄.၉၇ ရာခိုင်နှုန်း ကျော်ရှိခဲ့သော်လည်း အများအားဖြင့် ၀.၂ ရာခိုင်နှုန်းအတွင်းသာ ကွာခြားခဲ့ပါသည်။ (ပုံ-၁၂)

ထို့ပြင်ရည်ညွှန်းနိုင်ငံခြားငွေလဲလှယ်နှုန်းနှင့် ဈေးကွက်နိုင်ငံခြားငွေလဲလှယ်နှုန်း တို့၏နေ့စဉ်ပြောင်းလဲမှုနှုန်းမှာ အများအားဖြင့် ၀.၅ ရာခိုင်နှုန်းအတွင်းရှိခဲ့ပါသည်။(ပုံ-၁၃)



ပုံ(၁၃) ရည်ညွှန်းနိုင်ငံခြားငွေလဲလှယ်နှုန်း အတက်အကျအခြေအနေ

ဇာစ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် အတွင်း မြန်မာကျပ်ငွေတန်ဖိုး ၁.၇ ရာခိုင်နှုန်း တန်ဖိုးမြင့်တက်ခဲ့သည့်နည်းတူ ထိုင်းဘတ် ၅.၂၇ ရာခိုင်နှုန်း၊ဂျပန်ယန်း ၄.၈၆ ရာခိုင်နှုန်း ၊

အိန္ဒိယရူပီး ၂.၅၁ ရာခိုင်နှုန်း အသီးသီး တန်ဖိုးမြင့်တက်ခဲ့ပြီး၊ ကိုရီးယားဝမ် ၇.၈ ရာခိုင်နှုန်း၊ ယူရို ၆.၄၉ ရာခိုင်နှုန်း၊ ပေါင်စတာလင် ၆.၁၂ ရာခိုင်နှုန်း၊ တရုတ်ယွမ် ၃.၆၄ ရာခိုင်နှုန်း၊ မလေးရှားရင်းဂစ် ၁.၁ ရာခိုင်နှုန်းနှင့် စင်ကာပူဒေါ်လာ ၁.ဝ၈ ရာခိုင်နှုန်း အသီးသီး တန်ဖိုးကျဆင်းခဲ့ပါသည်။ (ပုံ-၁၄)




ဓာတ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် အတွင်း မြန်မာကျပ်ငွေတန်ဖိုးသည်ယခင်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ထိရောက်သော အမည်ခံငွေလဲလှယ်နှုန်း (Nominal Effective Exchange Rate–NEER) အရ ၁.၆ ရာခိုင်နှုန်း တန်ဖိုးမြင့်တက်ခဲ့ပြီး ထိရောက်သော အမှန်ငွေလဲလှယ်နှုန်း (Real Effective Exchange Rate–REER) အရ ၉.၂၈ ရာခိုင်နှုန်း တန်ဖိုး မြင့်တက်ခဲ့ပါသည်။

ထိရောက်သော အမည်ခံငွေလဲလှယ်နှုန်းအရ မြန်မာကျပ်ငွေတန်ဖိုး မြင့်တက်ခဲ့သဖြင့် ပို့ကုန်ယှဉ်ပြိုင်နိုင်စွမ်းမှာ ကျဆင်းမှု ရှိကြောင်းတွေ့ရှိရပြီး၊ မြန်မာနိုင်ငံ၏ငွေကြေးဖောင်းပွမှုနှုန်းသည် ကုန်သွယ်ဖက်နိုင်ငံများ၏ငွေကြေးဖောင်းပွမှုနှုန်းထက် မြင့်မားသဖြင့် ထိရောက်သော အမှန်ငွေလဲလှယ်နှုန်းအရ ပို့ကုန်ယှဉ်ပြိုင်နိုင်စွမ်းမှာ ပိုမိုကျဆင်းခဲ့ကြောင်းတွေ့ရှိရပါသည်။(ပုံ-၁၅)၊ ဇယား(၆)




ဓာတ်မြစ် ။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ငွေကြေးပမာဏအခြေအနေ

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် နှစ်အလိုက် စုစုပေါင်းငွေကြေးပမာဏ (M2) တိုးတက်မှု ရည်မှန်းချက်အား ၂၀ ရာခိုင်နှုန်း ထားရှိခဲ့ပါသည်။ စုစုပေါင်း ငွေကြေးပမာဏမှာ ၂၀၁၈ခုနှစ်၊ စက်တင်ဘာလကုန်တွင်

ကျပ် သန်းထောင်ပေါင်း ၅၄,၄၈၀ ရှိခဲ့ရာမှ ၂၀၁၉ခုနှစ် စက်တင်ဘာလကုန်တွင် ကျပ် သန်းထောင်ပေါင်း ၆၂,၈၈၃ ရှိခဲ့သဖြင့် ယခင်နှစ်ကထက် ၁၅ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ စုစုပေါင်း ငွေကြေးပမာဏမှာ ၂၀၁၉ခုနှစ်၊ စက်တင်ဘာလကုန်တွင် ဂျီဒီပီ၏ ၆၀ ရာခိုင်နှုန်း ရှိခဲ့ပါသည်။




ဇာစ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

၂၀၁၉ ခုနှစ်၊ စက်တင်ဘာလကုန်တွင် လည့်လည်သုံးစွဲငွေပမာဏမှာ ကျပ်သန်းထောင်ပေါင်း ၁၃,၀၆၃ ရှိခဲ့သဖြင့် စုစုပေါင်းငွေကြေးပမာဏ၏ ၂၁ ရာခိုင်နှုန်းနှင့် စုဆောင်းမှု အပ်ငွေအပါအဝင် ဘဏ်အပ်နှံငွေစုစုပေါင်းမှာ ကျပ်သန်းထောင်ပေါင်း ၄၉,၈၂၀ ရှိခဲ့သဖြင့် စုစုပေါင်း ငွေကြေးပမာဏ၏ ၇၉ ရာခိုင်နှုန်း ရှိပါသည်။ လည့်လည်သုံးစွဲငွေပမာဏနှင့် ဘဏ်အပ်နှံငွေစုစုပေါင်းသည် ယခင်နှစ်ကထက် ၁၄ ရာခိုင်နှုန်းနှင့် ၁၆ ရာခိုင်နှုန်း အသီးသီး တိုးတက်ခဲ့ပါသည်။ ဘဏ်စာရင်းရှင်အပ်ငွေမှာ ကျပ်သန်းထောင်ပေါင်း ၆,၅၄၅ နှင့် စုဆောင်းမှုအပ်ငွေမှာ ကျပ်သန်းထောင်ပေါင်း ၄၃,၂၇၅ အသီးသီး ရှိခဲ့ပါသည်။ (ပုံ-၁၆)

စုစုပေါင်းငွေကြေးပမာဏကိုပြောင်းလဲ စေသည့်အချက်များ (Factors Effecting Broad Money) မှာ အသားတင် နိုင်ငံခြား ရရန်ပိုင်ခွင့်များ၊ အစိုးရကဏ္ဍသို့ချေးငွေများ၊ ပုဂ္ဂလိကကဏ္ဍနှင့် အခြားကဏ္ဍများသို့ ချေးငွေများနှင့် ဘဏ်လုပ်ငန်းကဏ္ဍ၏ အသားတင် ပေးရန်တာဝန်များဖြစ်ပါသည်။ ၂၀၁၉ခုနှစ် စက်တင်ဘာလကုန်ရှိ စုစုပေါင်းငွေကြေး ပမာဏတွင် အသားတင်နိုင်ငံခြား ရရန်ပိုင်ခွင့်မှာ ၁၈ ရာခိုင်နှုန်း၊ အစိုးရကဏ္ဍသို့ ချေးငွေမှာ ၃၅ ရာခိုင်နှုန်းနှင့် ပုဂ္ဂလိက ကဏ္ဍနှင့် အခြားကဏ္ဍများသို့ချေးငွေမှာ ၄၇ ရာခိုင်နှုန်းဖြင့် အသီးသီးပါဝင်လျက်ရှိရာ စုစုပေါင်း ငွေကြေးပမာဏတွင် ပုဂ္ဂလိက ကဏ္ဍနှင့်အခြားကဏ္ဍများသို့ ချေးငွေပါဝင်မှုမှာ အများဆုံးဖြစ်ကြောင်းတွေ့ရပါသည်။




ဇာစ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် အသားတင်နိုင်ငံခြားရရန်ပိုင်ခွင့်မှာ ကျပ်သန်းထောင်ပေါင်း ၁၀,၈၄၁ ရှိခဲ့ရာမှ ၂၀၁၉ ခုနှစ် စက်တင်ဘာလတွင် ကျပ်သန်းထောင်ပေါင်း ၁၁,၃၅၃ ရှိသဖြင့် ၄.၇ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ အစိုးရကဏ္ဍသို့ ချေးငွေများမှာ ၂၀၁၈ ခုနှစ် စက်တင်ဘာလကုန်တွင် ကျပ်သန်းထောင်ပေါင်း ၁၈,၅၆၂ ရှိခဲ့ရာမှ ၂၀၁၉ခုနှစ်၊ စက်တင်ဘာလကုန်တွင် ကျပ် သန်းထောင်ပေါင်း ၂၂,၁၆၇ ရှိသဖြင့် ယခင်နှစ် စက်တင်ဘာလထက် ၁၉.၄ ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။ ပုဂ္ဂလိကကဏ္ဍသို့ချေးငွေမှာ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလကုန်တွင် ကျပ်သန်းထောင်ပေါင်း ၂၄,၉၁၉ ရှိခဲ့ရာမှ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလကုန်တွင် ကျပ်သန်းထောင် ပေါင်း ၂၈,၉၂၆ ရှိသဖြင့် ယခင်နှစ်ထက် ၁၆ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ (ပုံ-၁၇)၊ ဇယား(၇)

၂၀၁၉ခုနှစ် စက်တင်ဘာလကုန်တွင် ဘဏ်လုပ်ငန်းကဏ္ဍအတွင်း ကဏ္ဍအလိုက် ချေးငွေထုတ်ချေးမှုမှာ ကုန်သွယ်မှုအတွက် ၂၄ရာခိုင်နှုန်းဖြင့် အများဆုံးဖြစ်ပြီး၊ ဆောက်လုပ်ရေးလုပ်ငန်းများအတွက် ၁၇ ရာခိုင်နှုန်းဖြင့် ဒုတိယအများဆုံး၊ ဝန်ဆောင်မှုနှင့် အထွေထွေချေးငွေမှာ ၁၆ ရာခိုင်နှုန်းဖြင့် တတိယအများဆုံးဖြစ်ပြီး၊ လယ်ယာ၊ သား၊ ငါး ၁၃ ရာခိုင်နှုန်း၊ ကုန်ထုတ်လုပ်မှု လုပ်ငန်းများ ၁၂ ရာခိုင်နှုန်းနှင့် သယ်ယူပို့ဆောင်ရေး ၂ ရာခိုင်နှုန်း အသီးသီးဖြစ်ပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော ငွေကြေးမူဝါဒ လုပ်ဆောင်ချက်များအား တင်ပြအပ်ပါသည်။

**အနည်းဆုံးသီးသန့်ငွေလိုအပ်ချက် ထားရှိဆောင်ရွက်မှုအခြေအနေ**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် အနည်းဆုံးသီးသန့်ငွေလိုအပ်ချက် အဖြစ် မြန်မာကျပ်ငွေနှင့် နိုင်ငံခြားငွေ နှစ်မျိုးလုံးအတွက် အများပြည်သူအပ်နှံငွေ စုစုပေါင်း၏ ၅ ရာခိုင်နှုန်းအား မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရှိ စာရင်းရှင်အပ်နှံငွေတစ်မျိုးတည်းဖြင့်သာထားရှိရန် သတ်မှတ်ဆောင်ရွက်ခဲ့ပါ

## အပ်ငွေလေလံဆောင်ရွက်မှုအခြေအနေ

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံ၏ မေခရိုစီးပွားရေး အခြေခံအချက်များအရဈေးကွက်မှ ပိုလျှံငွေကြေးများကို ထုတ်နုတ်ရန် လိုအပ်သောကြောင့် ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလမှစတင်၍ အပ်ငွေလေလံခေါ်ယူဆောင်ရွက်၍ ငွေကြေးပမာဏအား ထိန်းညှိပေးလျက်ရှိပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် အတွင်း အပ်ငွေလေလံ(၂၅)ကြိမ်ခေါ်ယူခဲ့ရာ တစ်ကြိမ်လျှင်ပျမ်းမျှကျပ် ၂၀၃ ဘီလီယံ (သီးသန့်ငွေကြေးပမာဏ၏ ၁.၁ ရာခိုင်နှုန်းခန့်) နုတ်သိမ်းနိုင်ခဲ့ပါသည်။ လေလံတင်သွင်းသည့် အမြင့်ဆုံးနှင့်အနိမ့်ဆုံး ပျမ်းမျှအတိုးနှုန်းများမှာ အပ်ငွေလေလံကာလ (၁၄)ရက်အတွက် ၆.၉ ရာခိုင်နှုန်းနှင့် ၃.၄၈ ရာခိုင်နှုန်း၊ (၂၈)ရက်အတွက် ၇.၂၁ ရာခိုင်နှုန်း နှင့် ၅.၁၅ ရာခိုင်နှုန်းနှင့် (၄၂)ရက်အတွက် ၈.၀ ရာခိုင်နှုန်းနှင့် ၅.၂၅ ရာခိုင်နှုန်း အသီးသီးဖြစ်ပါသည်။ ပုံ (၂၀) ဇယား(၈)

သည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ဘဏ်များအားလုံးသည် အနည်းဆုံးသီးသန့်ငွေလိုအပ်ချက်ပြည့်မီလိုက်နာမှုရှိခဲ့ပါသည်။ ထိန်းသိမ်းမှုကာလအလိုက် ဘဏ်များ၏ အနည်းဆုံးသီးသန့်ငွေထားရှိမှုနှင့် ပိုလျှံသီးသန့်ငွေအခြေအနေအား ပုံ(၁၈)၊ ပုံ (၁၉) တို့ဖြင့် ဖော်ပြအပ်ပါသည်။




ဓာတ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်




ဓာတ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်




ဇာစ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

လေလံအောင်မြင်သည့် အမြင့်ဆုံးနှင့်အနိမ့်ဆုံးပျမ်းမျှအတိုးနှုန်းများမှာအပ်ငွေလေလံ (၁၄)ရက်အတွင်း ၆.၉ ရာခိုင်နှုန်းနှင့် ၃.၃၁ ရာခိုင်နှုန်း၊ (၂၈)ရက်အတွက် ၇.၂၁ ရာခိုင်နှုန်းနှင့် ၅.၁၅ ရာခိုင်နှုန်း၊ (၄၂)ရက် အတွက် ၇.၂၀ ရာခိုင်နှုန်းနှင့် ၅.၃ ရာခိုင်နှုန်း အသီးသီးဖြစ်ပါသည်။ ပုံ (၂၁)




ဇာစ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## အစိုးရငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေ ရောင်းချမှုအခြေအနေ

အစိုးရဘတ်ဂျက်လိုငွေအား အများပြည်သူစုဆောင်းမှုဖြင့် ဖြည့်ဆည်းရန်နှင့် ကာလလတ်နှင့်ကာလရှည် ရင်းနှီးမြှုပ်နှံမှုကို အားပေးဖော်ဆောင်နိုင်ရန် ရည်ရွယ်၍ အစိုးရငွေတိုက်စာချုပ်များ ရောင်းချခြင်းကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနကိုယ်စား မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဆောင်ရွက်လျက်ရှိပါသည်။

အစိုးရငွေတိုက်စာချုပ်များအား Scripless System အသုံးပြု၍ အတိုးနှုန်းသတ်မှတ်ချက် မထားဘဲ ဈေးပြိုင်စနစ်ဖြင့် ထုတ်ဝေရောင်းချမှုကို ၂၀၁၆ခုနှစ်၊ စက်တင်ဘာလတွင် စတင်ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ဈေးပြိုင်စနစ်ဖြင့် သက်တမ်း (၂)နှစ် မှ (၅) နှစ်အတွင်းရှိ အစိုးရငွေတိုက်စာချုပ် ရောင်းချမှု (၁၂)ကြိမ် ဆောင်ရွက်ခဲ့ရာ ငွေတိုက်စာချုပ်တန်ဖိုး ကျပ်သန်းထောင်ပေါင်း ၂,၆၂၁.၅၆ ကို အသားတင်ရောင်းချခဲ့ပါ သည်။

ငွေကြေးဖောင်းပွမှုဖြစ်ပေါ်စေနိုင်သည့်ဗဟိုဘဏ်မှအစိုးရဘတ်ဂျက်လိုငွေအား တိုက်ရိုက်ဖြည့်ဆည်းပေးခြင်းကိုလျှော့ချနိုင်စေရန်နှင့် ထိရောက်သော အစိုးရကြွေးမြီ

စီမံခန့်ခွဲမှုဖြစ်ပေါ်စေရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် သက်တမ်း (၃)လ၊ (၆)လနှင့်(၁)နှစ်သက်တမ်းရှိ အစိုးရငွေတိုက်လက်မှတ်များအား ဈေးပြိုင်စနစ်ဖြင့်ရောင်းချခြင်းကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ စ၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနကိုယ်စားဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း အစိုးရငွေတိုက်လက်မှတ်ဈေးပြိုင်စနစ် ဖြင့်ရောင်းချမှု(၂၄)ကြိမ်ဆောင်ရွက်ခဲ့ရာစုစုပေါင်းကျပ် သန်းထောင်ပေါင်း ၆,၆၂၀.၆ ရောင်းချခဲ့ပြီး၊ ရွေးနှုတ်မှု ကျပ်သန်းထောင်ပေါင်း ၆,၂၁၈.၇၄ ရှိခဲ့သဖြင့် အသားတင် ရောင်းချမှုကျပ်သန်းထောင်ပေါင်း(-)၄၀၁.၈၆ရှိခဲ့ပါသည်။

အစိုးရငွေတိုက်လက်မှတ်နှင့် ငွေတိုက်စာချုပ်အတိုးနှုန်းများအား ဈေးကွက်မှလေလံတင်သွင်းလာသည့်နှုန်းထားအပေါ်အခြေပြု၍သတ်မှတ်ဆောင်ရွက်လျက်ရှိပါသည်။ဇယား(၉)

**ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများ၏ ချေးငွေအခြေအနေ**

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ငွေရေးကြေးရေးကုမ္ပဏီ (၂၃)ခုမှ ထုတ်ချေးငွေ စုစုပေါင်းမှာ ကျပ်သန်းထောင်ပေါင်း ၁၀၇.၅၂ ရှိပါသည်။

စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ လုပ်ငန်းလိုင်စင်ခွင့်ပြုခဲ့သည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ အနက် လက်ရှိဆောင်ရွက်လျက်ရှိသည့် အဖွဲ့ အစည်းအရေအတွက်မှာ ၂၀၁၉ ခုနှစ် စက်တင်ဘာလထိ (၁၈၉) ခု ရှိပါသည်။ (ပုံ-၂၂)




ဇာစ်မြစ်။ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန

၂၀၁၉ ခုနှစ် စက်တင်ဘာလကုန်အထိ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ၏ စုစုပေါင်းစုဆောင်းငွေမှာ ကျပ်သန်းထောင်ပေါင်း ၆၆၅.၅၆ နှင့် စုစုပေါင်း ထုတ်ချေးငွေမှာ ကျပ်သန်းထောင်ပေါင်း ၈၆၀၂.၂ ရှိခဲ့သဖြင့် ၂၀၁၈ ခုနှစ် စက်တင်ဘာလကုန်ရှိ အခြေအနေနှင့် နှိုင်းယှဉ်ပါက စုဆောင်းငွေနှင့် ထုတ်ချေးငွေတို့မှာ ၅၄ ရာခိုင်နှုန်းနှင့် ၆၁ ရာခိုင်နှုန်း အသီးသီး တိုးတက်ခဲ့ပါသည်။

# နောက်ဆက်တွဲဇယားများ

**ဇယား(၁) ငွေကြေးဖောင်းပွမှုနှုန်းများ(၂၀၁၈ခုနှစ်၊အောက်တိုဘာလမှ၂၀၁၉ခုနှစ်၊စက်တင်ဘာလအထိ)**

(အခြေခံနှစ်၊၂၀၁၂ = ၁၀၀)

| ခုနှစ် | စားသုံးသူ ဈေးဆနှုန်းကိန်း | ပျမ်းမျှငွေကြေး ဖောင်းပွမှုနှုန်း | နှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်း |
|---|---|---|---|
| ၂၀၁၈ အောက်တိုဘာ | ၁၄၇.၇၀ | ၆.၃၄ | ၈.၈၅ |
| နိုဝင်ဘာ | ၁၄၈.၉၅ | ၆.၆၆ | ၈.၃၃ |
| ဒီဇင်ဘာ | ၁၄၇.၇၅ | ၆.၈၆ | ၆.၈၅ |
| ၂၀၁၉ ဇန်နဝါရီ | ၁၄၇.၈၉ | ၆.၉၄ | ၆.၁၄ |
| ဖေဖော်ဝါရီ | ၁၄၈.၈၅ | ၇.၀၇ | ၆.၆၉ |
| မတ် | ၁၅၀.၁၃ | ၇.၂၈ | ၇.၉၂ |
| ဧပြီ | ၁၅၂.၀၃ | ၇.၅၁ | ၆.၆၉ |
| မေ | ၁၅၃.၆၆ | ၇.၈၂ | ၉.၅၇ |
| ဇွန် | ၁၅၄.၅၆ | ၈.၀၈ | ၉.၅၁ |
| ဇူလိုင် | ၁၅၈.၄၄ | ၈.၃၅ | ၁၀.၈၇ |
| ဩဂုတ် | ၁၅၉.၁၂ | ၈.၅၃ | ၁၀.၃၇ |
| စက်တင်ဘာ | ၁၅၉.၈၅ | ၈.၆၁ | ၉.၅၁ |

ဓာတ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

**ဇယား(၂) တစ်နိုင်ငံလုံး၏အုပ်စုအလိုက်စားသုံးသူဈေးဆနှုန်းအရနှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း (၂၀၁၈ခုနှစ်စက်တင်ဘာလမှ၂၀၁၉ ခုနှစ် စက်တင်ဘာလအထိ)**

(အခြေခံနှစ်၊၂၀၁၂ = ၁၀၀)

| အကြောင်းအရာ | အလေးပေးရာခိုင်နှုန်း | ၂၀၁၈ | | ၂၀၁၉ | | |
|---|---|---|---|---|---|---|
| | | စက်တင်ဘာ | ဒီဇင်ဘာ | မတ် | ဇွန် | စက်တင်ဘာ |
| **အုပ်စုအားလုံး** | **၁၀၀** | **၈.၅၉** | **၆.၈၅** | **၇.၉၂** | **၉.၅၁** | **၉.၅၁** |
| **အစားအစာအုပ်စု** | **၅၈.၅၀** | **၈.၅၅** | **၇.၂၂** | **၉.၂၅** | **၁၁.၅၇** | **၈.၇၇** |
| ဆေးလိပ်နှင့်အဖျော်ယမကာ | ၁.၆၅ | ၇.၁၅ | -၃.၄၈ | -၈.၂၇ | ၈.၈၀ | ၈.၄၄ |
| အဝတ်အထည် | ၃.၂၃ | ၃.၅၄ | ၄.၄၈ | ၅.၁၃ | ၅.၁၉ | ၄.၉၃ |
| အိမ်လခနှင့်အိမ်ပြင်ခ | ၈.၀၇ | ၉.၀၃ | ၅.၈၁ | ၅.၉၂ | ၆.၁၄ | ၃၁.၄၁ |
| အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ် | ၂.၃၄ | ၄.၄၉ | ၇.၁၉ | ၇.၇၆ | ၈.၂၈ | ၇.၇၉ |
| ကျန်းမာရေး | ၂.၁၃ | ၆.၀၆ | ၆.၉၅ | ၇.၉၉ | ၉.၅၇ | ၈.၁၂ |
| သယ်ယူပို့ဆောင်ရေး | ၁၀.၁၃ | ၁၅.၆၈ | ၇.၅၆ | ၈.၀၁ | ၄.၀၅ | -၀.၀၆ |
| ဆက်သွယ်ရေး | ၁.၆၂ | -၀.၆၂ | -၀.၇၄ | -၀.၇၉ | -၀.၈၈ | -၀.၇၃ |
| အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှု | ၁.၀၂ | ၂.၆ | ၃.၄၀ | ၃.၆၂ | ၁၂.၉၃ | ၁၂.၀၆ |
| ပညာရေး | ၂.၁၅ | ၈.၆၉ | ၈.၉၇ | ၉.၁၅ | ၄.၁၈ | ၄.၀၈ |
| ပြင်ပအစားအသောက် | ၅.၉၅ | ၈.၅၆ | ၇.၉၀ | ၃.၁၄ | ၄.၆၁ | ၄.၇၄ |
| အထွေထွေကုန်ပစ္စည်း | ၃.၂၁ | ၆.၂၈ | ၈.၉၅ | ၁၀.၀၉ | ၁၀.၀၀ | ၁၁.၆၀ |
| **အစားအစာမဟုတ်သောအုပ်စု** | **၄၁.၄၉** | **၈.၆၉** | **၆.၁၉** | **၅.၆၃** | **၅.၉၆** | **၁၀.၈၀** |

ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

## ဇယား(၃)တိုင်းဒေသကြီး၊ပြည်နယ်နှင့်မြို့ကြီး(၃)မြို့၏စားသုံးသူဈေးဆနှုန်းကိန်းအရပျမ်းမျှငွေကြေး ဖောင်းပွမှုနှုန်း (၂၀၁၈ ခုနှစ် စက်တင်ဘာလမှ ၂၀၁၉ ခုနှစ် စက်တင်ဘာလအထိ)

(အခြေခံနှစ်၊၂၀၁၂ = ၁၀၀)

| စဉ် | ပြည်နယ်/ တိုင်း | အလေးပေး ရာခိုင်နှုန်း | ၂၀၁၈ | | ၂၀၁၉ | | |
|---|---|---|---|---|---|---|---|
| | | | စက်တင် ဘာ | ဒီဇင် ဘာ | မတ် | ဇွန် | စက်တင် ဘာ |
| ၁ | ကချင်ပြည်နယ် | ၃.၀၁ | ၆.၅၇ | ၇.၇၅ | ၆.၆၈ | ၆.၃၁ | ၄.၅၉ |
| ၂ | ကယားပြည်နယ် | ၀.၅၂ | ၄.၃၈ | ၄.၁၈ | ၄.၂၀ | ၅.၂၈ | ၆.၂၉ |
| ၃ | ကရင်ပြည်နယ် | ၃.၁၂ | ၅.၈၈ | ၆.၉၀ | ၇.၅၄ | ၈.၇၉ | ၈.၁၄ |
| ၄ | ချင်းပြည်နယ် | ၀.၇၄ | ၄.၀၆ | ၅.၄၄ | ၆.၉၀ | ၈.၉၃ | ၉.၄၃ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၁.၁၀ | ၄.၂၅ | ၅.၁၁ | ၆.၅၀ | ၈.၉၇ | ၁၁.၂၆ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၂.၈၄ | ၆.၁၀ | ၇.၁၄ | ၇.၉၃ | ၈.၅၆ | ၈.၁၈ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၈.၈၃ | ၄.၇၉ | ၅.၄၄ | ၆.၀၆ | ၇.၂၆ | ၈.၀၆ |
| ၈ | မကွေးတိုင်းဒေသကြီး | ၇.၃၃ | ၇.၄၉ | ၉.၆၆ | ၁၁.၀၆ | ၁၂.၃၁ | ၁၂.၆၂ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၁၁.၀၈ | ၄.၇၄ | ၅.၆၇ | ၅.၈၆ | ၇.၂ | ၈.၂၆ |
| ၁၀ | မွန်ပြည်နယ် | ၅.၁၃ | ၇.၃၉ | ၈.၆၉ | ၉.၈၂ | ၁၀.၁၄ | ၉.၁၂ |
| ၁၁ | ရခိုင်ပြည်နယ် | ၄.၅၄ | ၁၀.၂၈ | ၁၀.၆၈ | ၉.၆၃ | ၈.၇၇ | ၇.၃၈ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၇.၄၇ | ၄.၇၂ | ၅.၅၂ | ၅.၆၇ | ၅.၇၇ | ၆.၁၄ |
| ၁၃ | ရှမ်းပြည်နယ် | ၉.၁၁ | ၆.၇၀ | ၇.၈၂ | ၇.၈၃ | ၇.၄၉ | ၇.၃၉ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၉.၉၀ | ၆.၉၁ | ၆.၃၉ | ၆.၁၇ | ၆.၉၈ | ၈.၅၂ |
| ၁၅ | ပြည်ထောင်စုနယ်မြေ | ၁.၄၁ | ၂.၇၇ | ၃.၉၉ | ၄.၂၇ | ၅.၃၆ | ၆.၄၈ |
| ၁၆ | ရန်ကုန်မြို့ | ၁၀.၅၉ | ၄.၈၇ | ၆.၁၈ | ၇.၀၃ | ၇.၈၃ | ၈.၅၂ |
| ၁၇ | မန္တလေးမြို့ | ၂.၅၈ | ၁၀.၈၂ | ၁၁.၅၃ | ၁၀.၅၂ | ၉.၉၉ | ၁၀.၁၄ |
| ၁၈ | နေပြည်တော် | ၀.၆၉ | ၆.၂၅ | ၇.၁၃ | ၇.၂၆ | ၇.၉၈ | ၉.၄၇ |
| | တစ်နိုင်ငံလုံး | **၁၀၀.၀၀** | **၅.၉၄** | **၆.၈၆** | **၇.၂၈** | **၈.၀၈** | **၈.၆၁** |

ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

**ဇယား (၄) စုစုပေါင်း ပို့ကုန်နှင့်သွင်းကုန်အခြေအနေပြဇယား(၂၀၁၇-၂၀၁၈ နှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်)**

(အမေရိကန်ဒေါ်လာသန်းပေါင်း)

| စဉ် | အကြောင်းအရာ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (အောက်တိုဘာလမှ စက်တင်ဘာလအထိ) | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (အောက်တိုဘာလမှ စက်တင်ဘာလအထိ) |
|---|---|---|---|
| ၁ | **စုစုပေါင်းပို့ကုန်** | **၁၆,၄၄၆.၇** | **၁၇,၀၆၀.၄** |
| | လယ်ယာ | ၂,၈၈၂.၃ | ၃,၂၅၃.၅ |
| | သားငါး | ၉၃၉.၁ | ၁,၀၉၇.၄ |
| | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၂,၁၅၄.၆ | ၁,၄၇၁.၄ |
| | သစ်တော | ၂၀၉.၁ | ၁၇၅.၅ |
| | ထုတ်လုပ်မှု | ၇,၂၈၄.၇ | ၈,၉၉၄.၀ |
| | အခြား | ၂,၉၇၆.၉ | ၂,၀၆၈.၆ |
| ၂ | **စုစုပေါင်းသွင်းကုန်** | **၁၉,၄၄၇.၄** | **၁၈,၀၈၆.၆** |
| | ရင်းနှီးကုန်စည် | ၆,၄၃၈.၀ | ၅,၃၄၆.၉ |
| | ကြားခံကုန်စည် | ၇,၇၀၀.၉ | ၇,၆၇၀.၈ |
| | စားသုံးကုန်စည် | ၅,၃၀၈.၅ | ၅,၀၆၈.၈ |
| ၃ | **စုစုပေါင်းကုန်သွယ်မှုပမာဏ** | **၃၅,၈၉၄.၁** | **၃၅,၁၄၇.၀** |
| ၄ | **ပို့ငွေ/လိုငွေ** | **၃,၀၀၀.၇** | **၁,၀၂၆.၂** |

ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

ဇယား(၅) လစဉ်ပျမ်းမျှနိုင်ငံခြားငွေလဲလှယ်နှုန်းများနှင့် ဗဟိုဘဏ်၏နိုင်ငံခြားသုံးငွေဈေးပြိုင်လေလံတွင် ရောင်းဝယ်မှုအခြေအနေပြဇယား (၂၀၁၈ ခုနှစ်စက်တင်ဘာလမှ ၂၀၁၉ခုနှစ်စက်တင်ဘာလအထိ)

| ကာလ | ရည်ညွှန်းနိုင်ငံခြားငွေလဲလှယ်နှုန်း | အဝေးငွေလဲလှယ်နှုန်း | ဈေးကွက်နိုင်ငံခြားငွေလဲလှယ်နှုန်း | | ဗဟိုဘဏ်မှဝင်ရောက်ရောင်းဝယ်ပေးမှု အမေရိကန်ဒေါ်လာ |
|---|---|---|---|---|---|
| | | | ဝယ်ဈေး | ရောင်းဈေး | (-)အသားတင်ရောင်းချမှု (+) အသားတင်ဝယ်ယူမှု |
| ၂၀၁၈ စက်တင်ဘာ | ၁,၅၅၂ | ၁,၅၇၀ | ၁,၅၆၁ | ၁,၅၆၇ | (၃,၁၃၀,၀၀၀) |
| အောက်တိုဘာ | ၁,၅၃၁ | ၁,၅၇၅ | ၁,၅၆၁ | ၁,၅၆၇ | (၃၈၄,၂၀၀) |
| နိုဝင်ဘာ | ၁,၅၇၀ | ၁,၅၉၇ | ၁,၅၈၄ | ၁,၅၈၅ | ၁,၃၉၅,၇၀၀ |
| ဒီဇင်ဘာ | ၁,၅၆၆ | ၁,၅၆၂ | ၁,၅၅၂ | ၁,၅၅၃ | ၅၀,၄၁၈,၈၀၀ |
| ၂၀၁၉ ဇန်နဝါရီ | ၁,၅၃၃ | ၁,၅၂၉ | ၁,၅၂၆ | ၁,၅၂၇ | ၅၉,၉၉၈,၆၀၀ |
| ဖေဖော်ဝါရီ | ၁,၅၂၆ | ၁,၅၂၅ | ၁,၅၁၆ | ၁,၅၁၇ | ၂၅,၉၉၉,၈၀၀ |
| မတ် | ၁,၅၂၃ | ၁,၅၂၂ | ၁,၅၁၂ | ၁,၅၁၃ | ၁၂,၀၀၀,၀၀၀ |
| ဧပြီ | ၁,၅၁၇ | ၁,၅၁၆ | ၁,၅၁၁ | ၁,၅၁၂ | ၃,၀၀၀,၀၀၀ |
| မေ | ၁,၅၃၄ | ၁,၅၃၂ | ၁,၅၂၆ | ၁,၅၂၇ | ၉,၅၀၀,၀၀၀ |
| ဇွန် | ၁,၅၂၅ | ၁,၅၂၃ | ၁,၅၂၁ | ၁,၅၂၃ | ၁၈,၀၀၀,၀၀၀ |
| ဇူလိုင် | ၁,၅၁၁ | ၁,၅၁၀ | ၁,၅၀၉ | ၁,၅၁၀ | ၁၃,၀၀၀,၀၀၀ |
| ဩဂုတ် | ၁,၅၁၆ | ၁,၅၁၆ | ၁,၅၁၃ | ၁,၅၁၅ | ၁၂,၉၀၀,၀၀၀ |
| စက်တင်ဘာ | ၁,၅၃၃ | ၁,၅၃၃ | ၁,၅၃၂ | ၁,၅၃၄ | - |

ဇာစ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ဇယား(၆) ထိရောက်သောအမည်ခံငွေလဲလှယ်နှုန်းနှင့် ထိရောက်သောအမှန်ငွေလဲလှယ်နှုန်း (၂၀၁၈ ခုနှစ် စက်တင်ဘာလမှ ၂၀၁၉ ခုနှစ် စက်တင်ဘာလအထိ)

(၂၀၁၂ ဇူလိုင် = ၁၀၀)

| ကာလ | အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေ လဲလှယ်နှုန်းညွှန်ကိန်း | ထိရောက်သောအမည်ခံ ငွေလဲလှယ်နှုန်း (NEER) ၁/ | ထိရောက်သောအမှန် ငွေလဲလှယ်နှုန်း (REER) ၂/ |
|---|---|---|---|
| ၂၀၁၈ စက်တင်ဘာ | ၁၅၅၂ | ၆၃.၀၅ | ၈၃.၃၄ |
| အောက်တိုဘာ | ၁၅၃၁ | ၆၄.၄၄ | ၈၆.၁၁ |
| နိုဝင်ဘာ | ၁၅၇၀ | ၆၂.၈၆ | ၈၄.၈၆ |
| ဒီဇင်ဘာ | ၁၅၆၆ | ၆၂.၆၀ | ၈၃.၉၂ |
| ၂၀၁၉ ဇန်နဝါရီ | ၁၅၃၃ | ၆၂.၉၅ | ၈၄.၄၀ |
| ဖေဖော်ဝါရီ | ၁၅၂၆ | ၆၂.၈၇ | ၈၄.၃၅ |
| မတ် | ၁၅၂၃ | ၆၃.၀၃ | ၈၅.၃၁ |
| ဧပြီ | ၁၅၁၇ | ၆၃.၄၄ | ၈၆.၇၈ |
| မေ | ၁၅၃၄ | ၆၃.၄၃ | ၈၇.၄၇ |
| ဇွန် | ၁၅၂၅ | ၆၃.၅၂ | ၈၈.၁၈ |
| ဇူလိုင် | ၁၅၁၁ | ၆၃.၈၆ | ၉၀.၇၁ |
| ဩဂုတ် | ၁၅၁၆ | ၆၄.၆၄ | ၉၁.၈၅ |
| စက်တင်ဘာ | ၁၅၃၃ | ၆၄.၀၇ | ၉၁.၀၈ |

ဇာစ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

၁/ ထိရောက်သောအမည်ခံငွေလဲလှယ်နှုန်း (Nominal Effective Exchange Rate-NEER) ဆိုသည်မှာ မြန်မာနိုင်ငံ၏ အဓိကကုန်သွယ်ဖက်(၁၁)နိုင်ငံပါရှိသည့် အုပ်စုမှနိုင်ငံတစ်ခုချင်း၏ ငွေကြေးနှင့်မြန်မာကျပ်ငွေ၏ နှစ်နိုင်ငံငွေလဲလှယ်နှုန်းများကို ဂျော်မက်ထရစ်ပျမ်းမျှအလေးပေး (Geometric Weighted Average) တွက်ချက်ခြင်းဖြစ်ပါသည်။ တွက်ချက်မှု ဖော်မြူလာမှာ -

$$NEER_t = \prod_{i=1}^{N} (E_{i,t})^{W_i}$$

၂/ထိရောက်သောအမှန်ငွေလဲလှယ်နှုန်း (Real Effective Exchange Rate-REER) ဆိုသည်မှာ မြန်မာနိုင်ငံ၏ အဓိကကုန်သွယ်ဖက် (၁၁) နိုင်ငံပါရှိသည့် အုပ်စုမှနိုင်ငံတစ်ခုချင်း၏ ငွေကြေးနှင့် မြန်မာကျပ်ငွေ၏ နှစ်နိုင်ငံငွေလဲလှယ်နှုန်းများကို နှစ်နိုင်ငံ၏ စားသုံးသူဈေးဆ နှုန်းအရ ညှိနှိုင်းပြီးရရှိသည့် အမှန်ငွေလဲလှယ်နှုန်းများအား ဂျော်မက်ထရစ်ပျမ်းမျှအလေးပေး (Geometric Weighted Average) တွက်ချက်ခြင်းဖြစ်ပါသည်။ တွက်ချက်မှုဖော်မြူလာမှာ -

$$REER_t = \prod_{i=1}^{N} \left(E_i \frac{P}{P_i^*}\right)^{W_i}$$

## ဇယား(၇) စုစုပေါင်းငွေကြေးပမာဏနှင့်ယင်းအပေါ်အကျိုးသက်ရောက်စေသည့်အချက်များ
## (၂၀၁၅ ခုနှစ် စက်တင်ဘာလ မှ ၂၀၁၉ ခုနှစ် စက်တင်ဘာလအထိ)

(ကျပ်သန်းထောင်ပေါင်း)

| အကြောင်းအရာ | ၂၀၁၅ခုနှစ် စက်တင် ဘာလ | ၂၀၁၆ခုနှစ် စက်တင် ဘာလ | ၂၀၁၇ခုနှစ် စက်တင် ဘာလ | ၂၀၁၈ခုနှစ် စက်တင် ဘာလ | ၂၀၁၉ခုနှစ် စက်တင်ဘာလ |
|---|---|---|---|---|---|
| ဘဏ်များ ပြင်ပရှိငွေ | ၉,၅၂၀ | ၉,၂၁၉ | ၉,၉၇၃ | ၁၁,၅၀၄ | ၁၃,၀၆၃ |
| ဘဏ်စာရင်းရှင်အပ်ငွေ | ၄,၆၄၆ | ၄,၄၁၉ | ၄,၆၆၈ | ၅,၆၈၈ | ၆,၅၄၅ |
| ဘဏ်စုဆောင်းငွေ | ၁၈,၃၀၈ | ၂၈,၁၆၂ | ၃၁,၂၉၇ | ၃၇,၂၈၈ | ၄၃,၂၇၅ |
| ငွေကြေးပမာဏ(M1) | ၁၄,၁၆၆ | ၁၃,၆၃၈ | ၁၄,၆၄၁ | ၁၇,၁၉၂ | ၁၉,၆၀၉ |
| စုစုပေါင်းငွေကြေးပမာဏ(M2) | ၃၂,၄၇၅ | ၃၇,၈၃၁ | ၄၅,၉၃၈ | ၅၄,၄၈၀ | ၆၂,၈၈၃ |
| အသားတင်နိုင်ငံခြားရရန်ပိုင်ခွင့်များ | ၁၀,၃၅၉ | ၉,၂၄၃ | ၈,၉၀၈ | ၁၀,၈၄၁ | ၁၁,၃၅၃ |
| ပြည်တွင်းချေးငွေ | ၂၂,၈၃၇ | ၂၉,၇၁၂ | ၃၆,၃၂၄ | ၄၄,၀၈၁ | ၅၁,၇၆၁ |
| အစိုးရကဏ္ဍသို့ချေးငွေ | ၉,၃၇၉ | ၁၂,၃၅၃ | ၁၄,၃၄၆ | ၁၈,၅၆၂ | ၂၂,၁၆၈ |
| ပုဂ္ဂလိကကဏ္ဍနှင့် အခြားကဏ္ဍ များသို့ချေးငွေ | ၁၃,၄၅၈ | ၁၇,၃၄၉ | ၂၁,၉၇၈ | ၂၅,၅၁၉ | ၂၉,၅၉၄ |
| -ပုဂ္ဂလိကကဏ္ဍသို့ချေးငွေ | ၁၂,၀၅၀ | ၁၆,၁၁၅ | ၂၀,၅၇၀ | ၂၄,၉၁၉ | ၂၈,၉၂၆ |
| ဘဏ်လုပ်ငန်းကဏ္ဍ၏ အသားတင်ပေးရန်တာဝန်များ | -၇၂၁ | -၁,၁၂၄ | ၇၀၆ | -၄၄၁ | -၂၃၀ |

ဇာစ်မြစ်။မြန်မာနိုင်ငံတော်ဗဟိုဘဏ်

**ဇယား(၈) အပ်ငွေလေလံခေါ်ယူမှုအခြေအနေပြဇယား(၂၀၁၈ ခုနှစ် အောက်တိုဘာလမှ ၂၀၁၉ ခုနှစ် စက်တင်ဘာလအထိ)**

( ကျပ်သန်းထောင်ပေါင်း)

| စဉ် | လေလံနံပါတ် | သက်တမ်း (ရက်) | ခေါ်ယူ ပမာဏ | အဆိုပြု ပမာဏ | လေလံအောင်သည့်ပမာဏ | | |
|---|---|---|---|---|---|---|---|
| | | | | | ပမာဏ | အတိုးနှုန်း | အလေးပေးပျမ်းမျှ အတိုးနှုန်း |
| ၁ | ၁/၂၀၁၈-၂၀၁၉ | ၁၄ | ၂၀၀ | ၂၂၄ | ၁၈၉ | ၂.၈~၄.၀၅ | ၃.၃၁ |
| | | ၂၈ | | ၁ | - | - | - |
| | | ၄၂ | | ၂၆ | ၁၁ | ၅.၂ ~၅.၄ | ၅.၃ |
| ၂ | ၂/ ၂၀၁၈-၂၀၁၉ | ၁၄ | ၂၀၀ | ၃၅၆ | ၁၈၀ | ၃.၅ ~၄.၅ | ၃.၉၇ |
| | | ၂၈ | | ၂၀ | ၂၀ | ၅.၀ ~၅.၃ | ၅.၁၅ |
| | | ၄၂ | | ၂၀ | - | - | - |
| ၃ | ၃/ ၂၀၁၈-၂၀၁၉ | ၁၄ | ၅၀၀ | ၃၅၄ | ၃၅၄ | ၄.၁ ~၄.၇ | ၄.၂၃ |
| | | ၂၈ | | ၂၂၄ | ၁၄၆ | ၅.၁၇~၅.၅ | ၅.၂၄ |
| | | ၄၂ | | - | - | - | - |
| ၄ | ၄/ ၂၀၁၈-၂၀၁၉ | ၁၄ | ၃၅၀ | ၄၂၀ | ၂၇၀ | ၄.၅၀~၅.၃ | ၄.၇၈ |
| | | ၂၈ | | ၁၂၀ | ၇၉ | ၅.၄၅ ~၅.၇ | ၅.၅၆ |
| | | ၄၂ | | ၁ | ၁ | ၆.၂၀ ~၆.၂၀ | ၆.၂၀ |
| ၅ | ၅/ ၂၀၁၈-၂၀၁၉ | ၁၄ | ၃၅၀ | ၅၃၆ | ၃၁၈.၅ | ၅.၀ ~၆.၀ | ၅.၅၃ |
| | | ၂၈ | | ၁၃၁.၅ | ၃၁.၅ | ၆.၀ ~၆.၇၅ | ၆.၁၈ |
| | | ၄၂ | | - | - | - | - |
| ၆ | ၆/ ၂၀၁၈-၂၀၁၉ | ၁၄ | ၂၀၀ | ၃၀၀ | ၂၀၀ | ၅.၆၀ ~၆.၃၀ | ၅.၉၅ |
| | | ၂၈ | | ၅၀ | - | - | - |
| | | ၄၂ | | - | – | - | - |
| ၇ | ၇/ ၂၀၁၈-၂၀၁၉ | ၁၄ | ၁၅၀ | ၁၈၁ | ၁၅၀ | ၅.၉၀ ~၆.၅ | ၆.၂၁ |
| | | ၂၈ | | ၅၀ | - | - | - |
| | | ၄၂ | | - | - | - | - |

**ဇယား(၈) အပ်ငွေလေလံခေါ်ယူမှုအခြေအနေပြဇယား(၂၀၁၈ ခုနှစ် အောက်တိုဘာလမှ ၂၀၁၉ ခုနှစ် စက်တင်ဘာလအထိ) အဆက်**

( ကျပ်သန်းထောင်ပေါင်း)

| စဉ် | လေလံနံပါတ် | သက်တမ်း (ရက်) | ခေါ်ယူပမာဏ | အဆိုပြုပမာဏ | လေလံအောင်သည့်ပမာဏ | | |
|---|---|---|---|---|---|---|---|
| | | | | | ပမာဏ | အတိုးနှုန်း | အလေးပေးပျမ်းမျှအတိုးနှုန်း |
| ၈ | ၈/၂၀၁၈-၂၀၁၉ | ၁၄ | ၁၅၀ | ၁၅၀ | ၁၅၀ | ၆.၃ ~၆.၇ | ၆.၄၀ |
| | | ၂၈ | | ၅၀ | - | - | - |
| | | ၄၂ | | - | - | - | - |
| ၉ | ၉/ ၂၀၁၈-၂၀၁၉ | ၁၄ | ၂၀၀ | ၂၂၅ | ၁၈၂ | ၅.၉၉ ~၆.၈ | ၆.၅၈ |
| | | ၂၈ | | ၅၈ | ၈ | ၇.၀ ~၇.၂၀ | ၇.၀၅ |
| | | ၄၂ | | - | - | - | - |
| ၁၀ | ၁၀/၂၀၁၈-၂၀၁၉ | ၁၄ | ၁၅၀ | ၁၈၀ | ၁၁၅ | ၆.၄၀ ~၆.၈၀ | ၆.၆၈ |
| | | ၂၈ | | ၄၀ | ၃၅ | ၇.၁၀ ~၇.၂၀ | ၇.၁၃ |
| | | ၄၂ | | ၁၀ | - | - | - |
| ၁၁ | ၁၁/၂၀၁၈-၂၀၁၉ | ၁၄ | ၁၅၀ | ၁၅၅.၅ | ၁၅၀ | ၆.၇၀ ~၆.၉၀ | ၆.၈ |
| | | ၂၈ | | ၂၀ | - | - | - |
| | | ၄၂ | | - | - | - | - |
| ၁၂ | ၁၂/၂၀၁၈-၂၀၁၉ | ၁၄ | ၁၅၀ | ၁၇၂ | ၁၅၀ | ၆.၉၀ ~၆.၉၀ | ၆.၉၀ |
| | | ၂၈ | | - | - | - | - |
| | | ၄၂ | | - | - | - | - |
| ၁၃ | ၁၃/၂၀၁၈-၂၀၁၉ | ၁၄ | ၁၅၀ | ၁၈၁ | ၁၅၀ | ၆.၈၀ ~၆.၈၅ | ၆.၈ |
| | | ၂၈ | | - | - | - | - |
| | | ၄၂ | | - | - | - | - |

## ဇယား(၈) အပ်ငွေလေလံခေါ်ယူမှုအခြေအနေပြဇယား(၂၀၁၈ ခုနှစ် အောက်တိုဘာလမှ ၂၀၁၉ ခုနှစ် စက်တင်ဘာလအထိ) အဆက်

( ကျပ်သန်းထောင်ပေါင်း)

| စဉ် | လေလံနံပါတ် | သက်တမ်း (ရက်) | ခေါ်ယူ ပမာဏ | အဆိုပြု ပမာဏ | လေလံအောင်သည့်ပမာဏ | | |
|---|---|---|---|---|---|---|---|
| | | | | | ပမာဏ | အတိုးနှုန်း | အလေးပေးပျမ်းမျှ အတိုးနှုန်း |
| ၁၄ | ၁၄/၂၀၁၈-၂၀၁၉ | ၁၄ | ၁၅၀ | ၂၁၀ | ၁၅၀ | ၆.၃ ~၆.၉ | ၆.၇၈ |
| | | ၂၈ | | - | - | - | - |
| | | ၄၂ | | - | - | - | - |
| ၁၅ | ၁၅/ ၂၀၁၈-၂၀၁၉ | ၁၄ | ၁၅၀ | ၁၁၅ | ၁၁၅ | ၆.၉ ~၆.၉ | ၆.၉ |
| | | ၂၈ | | ၁၁ | ၁၁ | ၇.၂~၇.၃ | ၇.၂၁ |
| | | ၄၂ | | - | - | - | - |
| ၁၆ | ၁၆/ ၂၀၁၈-၂၀၁၉ | ၁၄ | ၁၀၀ | ၃၀၂ | ၈၂ | ၆.၀ ~၆.၄၅ | ၆.၃၂ |
| | | ၂၈ | | ၉၄ | ၁၈ | ၇.၀ ~၇.၀ | ၇.၀၀ |
| | | ၄၂ | | ၂ | - | - | - |
| ၁၇ | ၁၇/ ၂၀၁၈-၂၀၁၉ | ၁၄ | ၂၀၀ | ၄၀၇ | ၁၉၃ | ၅.၀ ~၆.၇၅ | ၅.၇၆ |
| | | ၂၈ | | ၇ | ၇ | ၆.၇၅ ~၇.၀ | ၆.၉၆ |
| | | ၄၂ | | - | - | - | - |
| ၁၈ | ၁၈/ ၂၀၁၈-၂၀၁၉ | ၁၄ | ၂၀၀ | ၃၄၁.၅ | ၁၅၅ | ၆.၀၀ ~၆.၉၀ | ၆.၅၆ |
| | | ၂၈ | | ၅၅ | ၃၅ | ၆.၈၀ ~၇.၁၀ | ၆.၉၅ |
| | | ၄၂ | | ၁၀ | ၁၀ | ၇.၂၀ ~၇.၂၀ | ၇.၂၀ |
| ၁၉ | ၁၉/ ၂၀၁၈-၂၀၁၉ | ၁၄ | ၂၀၀ | ၃၀၃.၅ | ၁၇၃.၅ | ၆.၅~၇.၀ | ၆.၇၄ |
| | | ၂၈ | | ၂၆.၅ | ၂၆.၅ | ၆.၉ ~၇.၁၀ | ၇.၀၄ |
| | | ၄၂ | | - | - | - | - |
| ၂၀ | ၂၀/ ၂၀၁၈-၂၀၁၉ | ၁၄ | ၂၀၀ | ၃၉၈.၂ | ၁၈၄ | ၆.၃ ~၆.၉ | ၆.၅၅ |
| | | ၂၈ | | ၁၆ | ၁၆ | ၆.၉ ~၇.၀ | ၆.၉၄ |
| | | ၄၂ | | ၁ | - | - | - |

**ဇယား(၈) အပ်ငွေလေလံခေါ်ယူမှုအခြေအနေပြဇယား(၂၀၁၈ ခုနှစ် အောက်တိုဘာလမှ ၂၀၁၉ ခုနှစ် စက်တင်ဘာလအထိ) အဆက်**

( ကျပ်သန်းထောင်ပေါင်း)

| စဉ် | လေလံနံပါတ် | သက်တမ်း (ရက်) | ခေါ်ယူ ပမာဏ | အဆိုပြု ပမာဏ | လေလံအောင်သည့်ပမာဏ | | |
|---|---|---|---|---|---|---|---|
| | | | | | ပမာဏ | အတိုးနှုန်း | အလေးပေးပျမ်းမျှ အတိုးနှုန်း |
| ၂၁ | ၂၁/၂၀၁၈-၂၀၁၉ | ၁၄ | ၂၅၀ | ၄၈၈.၂၅ | ၂၀၁.၂၅ | ၆.၀ ~၆.၈ | ၆.၅ |
| | | ၂၈ | | ၅၈.၇၅ | ၄၈.၇၅ | ၆.၈ ~၇.၀ | ၆.၉၂ |
| | | ၄၂ | | ၄.၅ | - | - | - |
| ၂၂ | ၂၂/၂၀၁၈-၂၀၁၉ | ၁၄ | ၃၀၀ | ၄၃၂.၉ | ၂၆၀.၄ | ၆.၄၉ ~၆.၈ | ၆.၆၇ |
| | | ၂၈ | | ၃၉.၆ | ၃၉.၆ | ၆.၈ ~၇.၀ | ၆.၉၁ |
| | | ၄၂ | | ၁.၅ | - | - | - |
| ၂၃ | ၂၃/၂၀၁၈-၂၀၁၉ | ၁၄ | ၃၀၀ | ၃၈၂ | ၂၅၆ | ၆.၅ ~၆.၉ | ၆.၇၅ |
| | | ၂၈ | | ၄၄ | ၄၄ | ၆.၉ ~၇.၁ | ၇.၀၂ |
| | | ၄၂ | | ၅ | - | - | - |
| ၂၄ | ၂၄/၂၀၁၈-၂၀၁၉ | ၁၄ | ၂၅၀ | ၂၇ | ၂၇ | ၆.၃ ~၇.၀ | ၆.၇၂ |
| | | ၂၈ | | ၃ | ၃ | ၇.၀ ~၇.၀ | ၇.၀၀ |
| | | ၄၂ | | - | - | - | - |
| ၂၅ | ၂၅/၂၀၁၈-၂၀၁၉ | ၁၄ | ၁၅၀ | ၈၁ | ၈၁ | ၆.၂၅ ~၇.၀၅ | ၆.၈၂ |
| | | ၂၈ | | ၃၃ | ၃၃ | ၆.၉ ~၇.၁၀ | ၇.၀၁ |
| | | ၄၂ | | ၀.၅ | - | - | - |

ဇာစ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ဇယား(၉) အစိုးရငွေတိုက်လက်မှတ် ဈေးပြိုင်လေလံဆောင်ရွက်မှုအခြေအနေပြဇယား (၂၀၁၈ ခုနှစ် အောက်တိုဘာလ မှ ၂၀၁၉ စက်တင်ဘာလအထိ)

(ကျပ်သန်းထောင်ပေါင်း)

| စဉ် | လေလံ အမှတ်စဉ် | သက်တမ်း | ခေါ်ယူမှု | လေလံအောင်မြင်မှု | အတိုးနှုန်း (ရာခိုင်နှုန်း) |
|---|---|---|---|---|---|
| ၁။ | TB0085 | ၉၁ | ၃၀၀ | ၁၁၇ | ၆.၀၂၃ |
| | | ၁၈၉ | | ၆၅ | ၇.၆၂၃ |
| | | ၃၆၄ | | ၁၁၈ | ၈.၆၂ |
| ၂။ | TB0086 | ၉၈ | ၃၀၀ | ၄၅.၅ | ၆.၁၄၃ |
| | | ၁၈၉ | | ၂ | ၇.၅ |
| | | ၃၅၇ | | ၁၂.၅ | ၈.၈၃၅ |
| ၃။ | TB0087 | ၉၁ | ၃၅၀ | ၁၀၇ | ၇.၀၈၅ |
| | | ၁၈၂ | | ၁၁ | ၇.၉၂၇ |
| | | ၃၆၄ | | ၁၅ | ၈.၈၅ |
| ၄။ | TB0088 | ၉၁ | ၆၀၀ | ၂၃၅ | ၇.၉၆၄ |
| | | ၁၈၂ | | ၂၀၁ | ၇.၇၅ |
| | | ၃၆၄ | | ၁၆ | ၉.၁၂၅ |
| ၅။ | TB0089 | ၉၁ | ၄၀၀ | ၂၂၉ | ၇.၉၈၅ |
| | | ၁၈၂ | | ၇ | ၈.၂ |
| | | ၃၅၇ | | ၂ | ၉.၀၈၇ |
| ၆။ | TB0090 | ၉၈ | ၅၀၀ | ၂၀၂ | ၈.၀ |
| | | ၁၈၂ | | ၁၀၀ | ၈.၂ |
| | | ၃၅၇ | | - | - |

**ဇယား(၉) အစိုးရငွေတိုက်လက်မှတ် ဈေးပြိုင်လေလံဆောင်ရွက်မှုအခြေအနေပြဇယား (၂၀၁၈ ခုနှစ် အောက်တိုဘာလ မှ ၂၀၁၉ စက်တင်ဘာလအထိ) အဆက်**

(ကျပ်သန်းထောင်ပေါင်း)

| စဉ် | လေလံ အမှတ်စဉ် | သက်တမ်း | ခေါ်ယူမှု | လေလံအောင်မြင်မှု | အတိုးနှုန်း (ရာခိုင်နှုန်း) |
|---|---|---|---|---|---|
| ၇။ | TB0091 | ၈၄ | ၃၀၀ | ၁၀၄.၅ | ၇.၉၅၆ |
| | | ၁၈၂ | | - | - |
| | | ၃၆၄ | | ၀.၅၀ | ၉.၅ |
| ၈။ | TB0092 | ၉၁ | ၂၀၀ | ၁၂၈ | ၈.၀၁၆ |
| | | ၁၈၂ | | ၀.၅၀ | ၈.၉၉ |
| | | ၃၆၄ | | ၅.၅ | ၉.၄၉၉ |
| ၉။ | TB0093 | ၈၄ | ၂၀၀ | ၁၅၀ | ၈.၀၉၈ |
| | | ၁၇၅ | | ၉ | ၈.၉၇၂ |
| | | ၃၅၇ | | ၅ | ၉.၅ |
| ၁၀။ | TB0094 | ၉၁ | ၂၀၀ | ၁၁၁.၅ | ၈.၀၇၈ |
| | | ၁၈၂ | | ၃၈.၅ | ၈.၉၉၄ |
| | | ၃၅၇ | | ၅ | ၉.၅ |
| ၁၁။ | TB0095 | ၉၁ | ၄၀၀ | ၂၁၂.၅ | ၈.၀၆ |
| | | ၁၈၂ | | ၃၀ | ၉.၀ |
| | | ၃၅၇ | | - | - |
| ၁၂။ | TB0096 | ၉၁ | ၅၀၀ | ၂၀၃ | ၈.၀၃၃ |
| | | ၁၈၂ | | ၁၂၆ | ၈.၉၈၃ |
| | | ၃၅၇ | | - | - |

ဇယား(၉) အစိုးရငွေတိုက်လက်မှတ် ဈေးပြိုင်လေလံဆောင်ရွက်မှုအခြေအနေပြဇယား (၂၀၁၈ ခုနှစ် အောက်တိုဘာလ မှ ၂၀၁၉ စက်တင်ဘာလအထိ) အဆက်

(ကျပ်သန်းထောင်ပေါင်း)

| စဉ် | လေလံ အမှတ်စဉ် | သက်တမ်း | ခေါ်ယူမှု | လေလံအောင်မြင်မှု | အတိုးနှုန်း (ရာခိုင်နှုန်း) |
|---|---|---|---|---|---|
| ၁၃။ | TB0097 | ၉၈ | ၃၀၀ | ၂၀၀ | ၈.၀၃၃ |
| | | ၁၈၉ | | ၄.၅ | ၉.၀၀ |
| | | ၃၆၄ | | - | - |
| ၁၄။ | TB0098 | ၉၁ | ၄၀၀ | ၂၁၀ | ၈.၅ |
| | | ၁၈၂ | | ၁၀၀ | ၉.၀ |
| | | ၃၆၄ | | ၈.၇ | ၈.၉ |
| ၁၅။ | TB0099 | ၉၈ | ၃၀၀ | ၁၀၂ | ၈.၂၅ |
| | | ၁၈၂ | | ၁၁၁ | ၈.၉၉၃ |
| | | ၃၆၄ | | ၁၀ | ၉.၅ |
| ၁၆။ | TB0100 | ၉၁ | ၄၀၀ | ၂၃၀ | ၆.၆၇၅ |
| | | ၁၈၂ | | ၁၄၀ | ၇.၇၄၂ |
| | | ၃၆၄ | | ၃၀ | ၉.၃၃၂ |
| ၁၇။ | TB0101 | ၉၁ | ၅၀၀ | ၂၇၄ | ၆.၇၀၈ |
| | | ၁၇၅ | | ၁၁၇ | ၈.၃၁၁ |
| | | ၃၆၄ | | ၈၂.၂ | ၉.၂၁၉ |
| ၁၈။ | TB0102 | ၉၁ | ၈၀၀ | ၂၃၁ | ၈.၀၀၈ |
| | | ၁၇၅ | | ၂၄၄ | ၈.၈၈၇ |
| | | ၃၆၄ | | ၄၀ | ၉.၃၈၁ |

ဇယား(၉) အစိုးရငွေတိုက်လက်မှတ် ဈေးပြိုင်လေလံဆောင်ရွက်မှုအခြေအနေပြဇယား (၂၀၁၈ ခုနှစ် အောက်တိုဘာလ မှ ၂၀၁၉ စက်တင်ဘာလအထိ) အဆက်

(ကျပ်သန်းထောင်ပေါင်း )

| စဉ် | လေလံ အမှတ်စဉ် | သက်တမ်း | ခေါ်ယူမှု | လေလံအောင်မြင်မှု | အတိုးနှုန်း (ရာခိုင်နှုန်း) |
|---|---|---|---|---|---|
| ၁၉။ | TB0103 | ၉၈ | ၄၀၀ | ၂၀၂ | ၈.၀၂၅ |
| | | ၁၈၉ | | ၅၅ | ၉.၀ |
| | | ၃၆၄ | | - | - |
| ၂၀။ | TB0104 | ၉၁ | ၄၀၀ | ၂၂၁ | ၇.၉၇၉ |
| | | ၁၈၂ | | ၁၄၀ | ၉.၀၃၂ |
| | | ၃၅၇ | | ၂၅ | ၉.၁ |
| ၂၁။ | TB0105 | ၉၁ | ၃၀၀ | ၂၁၅.၅ | ၇.၉၈၃ |
| | | ၁၈၉ | | ၆၅.၅ | ၉.၀၀၁ |
| | | ၃၅၇ | | ၁၉ | ၉.၄၂၉ |
| ၂၂။ | TB0106 | ၉၁ | ၅၀၀ | ၁၄၆ | ၇.၉၉၃ |
| | | ၁၈၉ | | ၁၈၅.၅၂ | ၉.၀၄၂ |
| | | ၃၅၇ | | ၂၆ | ၉.၄၉၉ |
| ၂၃။ | TB0107 | ၈၄ | ၅၀၀ | ၂၀၈ | ၈.၀၃၇ |
| | | ၁၈၉ | | ၂၅.၅၂ | ၉.၀၀၈ |
| | | ၃၅၇ | | ၄၅ | ၉.၄ |
| ၂၄။ | TB0108 | ၈၄ | ၆၀၀ | ၄၄၅.၅ | ၈.၂၃၇ |
| | | ၁၇၅ | | ၄၂ | ၉.၁၁၃ |
| | | ၃၅၇ | | ၅.၅ | ၉.၄၉၅ |

ဇာစ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်